# ကျွန်ုပ်ရဲ့ဘဝကို သူတို့တွေဖျက်ဆီးခဲ့တာ နေ့တိုင်း မှတ်မိနေတယ်။

## ၂၀၁၇ ခုနှစ် "နယ်မြေရှင်းလင်းရေး" ဖြစ်စဉ်အတွင်း ရိုဟင်ဂျာလူမျိုးများ အပေါ် မြန်မာစစ်တပ်က ကျူးလွန်ခဲ့သည့် လူမျိုးတုံးသတ်ဖြတ်ခြင်းဆိုင်ရာ လိင်ပိုင်းဆိုင်ရာ နှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု၏ ရေရှည်ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းလူမှုပိုင်းဆိုင်ရာ အကျိုးဆက်များ

### ၁။ နိဒါန်း

၂၀၁၈ ခုနှစ်တွင် ကုလသမဂ္ဂ၏ သီးသန့်လွတ်လပ်သော မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင် ('IIFFMM') မှ မြန်မာ့စစ်တပ် ထိပ်ပိုင်း ခေါင်းဆောင်များအား ၂၀၁၇ ခုနှစ် 'နယ်မြေရှင်းလင်းရေး' ဖြစ်စဉ် အတွင်းတွင် ရိုဟင်ဂျာလူမျိုးများ အပေါ် ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုများ နှင့် ဆက်စပ်၍ လူမျိုးတုံးသတ်ဖြတ်မှု အပါအဝင် အခြား ပြင်းထန်သော ရာဇဝတ်မှုများဖြင့် စုံစမ်းစစ်ဆေးရန်နှင့် တရားစွဲဆိုရန် အကြံပြုထားသည်။

၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် ရခိုင်ပြည်မြောက်ပိုင်းရှိ အာရ်ကန်ရိုဟင်ဂျာကယ်တင်ရေးတပ်မတော် (ARSA) က မြန်မာစစ်တပ် အခြေစိုက်စခန်းနှင့် လုံခြုံရေး ကင်းစခန်း ၃၀ ကျော်ကို တိုက်ခိုက်ခဲ့သည့် နောက်တွင် မြန်မာစစ်တပ်မှ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် 'နယ်မြေရှင်းလင်းရေး' စစ်ဆင်ရေးများ စတင်ခဲ့သည်။
ထိုအချိန်မှ နောက်ထပ်နှစ်လတာကာလအတွင်း မြန်မာစစ်တပ်သည် ရိုဟင်ဂျာအရပ်သားများအပေါ် အဆိုးရွားဆုံး နှင့် ထိတ်လန့်ကြောက်မက်ဖွယ်ရာအကောင်းဆုံး တိုက်ခိုက်မှုများကို လုပ်ဆောင်ခဲ့သည့်အတွက်၊ ထိုသို့ တိုက်ခိုက်မှုများကြောင့် အနည်းဆုံး လူ ၁၀,၀၀၀ ထက်မနည်း သေဆုံးခဲ့ပြီး၊ အကြမ်းဖက်မှုမှလွတ်မြောက်ရန် အစုလိုက်အပြုံလိုက် နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ကြသော လွတ်မြောက်လာသူ အနည်းဆုံး လူ ၇၂၀,၀၀၀ အနက် ထက်ဝက်မှာ ကလေးသူငယ်များ ဖြစ်ကြသည်။

မြန်မာစစ်တပ်မှ အဓိကကျူးလွန်ခဲ့သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် ၂၀၁၇ ခုနှစ်တွင် ရိုဟင်ဂျာများ အပေါ် ဆိုးရွားပြီး ထိတ်လန့်ကြောက်မက်ဖွယ်ရာ တိုက်ခိုက်မှုများ၏ အမှတ်အသားတစ်ခုဖြစ်သည်။ IIFFMM မှ ၎င်း၏ စုံစမ်းစစ်ဆေးမှုအပေါ် အခြေခံ၍ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၏ အတိုင်းအတာနှင့် ရက်စက်ကြမ်းကြုတ်မှုများသည် ရိုဟင်ဂျာအသိုက်အဝန်းကို ဖျက်ဆီးရန် မြန်မာစစ်တပ်၏ လူမျိုးတုံးသတ်ဖြတ်မှု ရည်ရွယ်ချက်ကို ညွှန်ပြနေသည့် အချက်များထဲမှ တစ်ချက်ဖြစ်ကြောင်း ကောက်ချက်ချခဲ့သည်။

ခြောက်နှစ်နီးပါးကြာပြီးသည့်နောက်တွင်၊ SGBV သည် လူမျိုးတုံးသတ်ဖြတ်မှုတွင် ပါဝင်သည်ဆိုသည်နှင့် SGBV ကိုယ်တိုင် လူမျိုးတုံးသတ်ဖြတ်မှုဖြစ်သည်ကို အဆုံးအဖြတ်ပေးရန်ရည်ရွယ်ချက်ဖြင့်၊ ရိုဟင်ဂျာ လွတ်မြောက်လာသူများ ဖြစ်သည့် အမျိုးသားများ၊ အမျိုးသမီးများနှင့် ဟစ်ဂျရာ (တတိယ ဂျဲန်ဒါ) များအပေါ် မြန်မာစစ်တပ်မှကျူးလွန်ခဲ့သည့် လိင်ပိုင်းဆိုင်ရာ နှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု (**SGBV**) ၏ ဆက်လက်သက်ရောက်မှုများကို နားလည်နိုင်ရန် LAW အဖွဲ့မှ သုတေသနပြုခဲ့သည်။

၂၀၁၇ ခုနှစ် 'နယ်မြေရှင်းလင်းရေး' နောက်ပိုင်း နိုင်ငံတကာမှ ကြိုးပမ်းမှု အများအပြားတွင် ရိုဟင်ဂျာများအပေါ် SGBV ကျူးလွန်မှုကို မှတ်တမ်းပြုခဲ့သည်။ သီးခြားအားဖြင့်၊ လေ့လာမှုများတွင် 'နယ်မြေရှင်းလင်းရေး' ၏ နောက်ဆက်တွဲနှင့်

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုဆောင်ရွက်စဉ် အတွင်း ရိုဟင်ဂျာလူမျိုးများ အကြား ကျယ်ပြန့်သော စိတ်ကျန်းမာရေးရလဒ်များကိုလည်း ခွဲခြမ်းစိတ်ဖြာထားသည်။

မည်သို့ပင်ဆိုစေကာမူ၊ ဤသုတေသနတွင် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများတွေ့ကြုံခံစားခဲ့ရသည့် SGBV နှင့် ၎င်းတို့၏ လက်ရှိစိတ်ပိုင်းဆိုင်ရာ အခြေအနေတို့၏ ဆက်စပ်မှုကို စူးစမ်းလေ့လာခြင်းဖြင့် အခြေအနေသဘောတရားအသစ်ကို ဖော်ထုတ်တင်ပြပေးပါသည်။ အနှစ်ဆိုရသော်၊ အထူးသဖြင့် အကြမ်းဖက်မှုကြောင့် ရှင်သန်ကျန်ရစ်သူများ၏ စိတ်ကျန်းမာရေးသာမက သူတို့၏ မျိုးပွားမှုစွမ်းရည်ဆိုင်ရာ နောက်ဆက်တွဲ အကျိုးဆက်များနှင့် လူမှုအသိုင်းအဝိုင်း တစ်ခုလုံးအပေါ် သက်ရောက်မှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများအပေါ် စနစ်တကျကျူးလွန်ခဲ့သော SGBV ၏ ရေရှည်အကျိုးသက်ရောက်မှုကို ထည့်သွင်း ဖော်ပြထားသည့် လက်တွေ့သက်သေအထောက်အထားများ ကင်းမဲ့နေပါသည်။
ဤကဏ္ဍများကို မီးမောင်းထိုးပြရန်အတွက်၊ ဤသုတေသနတွင် မေးခွန်းသုံးခုကို အာရုံစိုက်ခဲ့ပါသည်-

**၁။ ၂၀၁၇ 'နယ်မြေရှင်းလင်းရေး' အတွင်း ရိုဟင်ဂျာလူမျိုး ထိခိုက်ခံစားရသူများ နှင့် ရှင်သန်ကျန်ရစ်သူများအပေါ် SGBV ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အကျိုးသက်ရောက်မှုက အဘယ်နည်း။**
**၂။ ၎င်း SGBV ၏ အကျိုးသက်ရောက်မှုသည် ရှင်သန်ကျန်ရစ်သူ တစ်ဦးချင်းစီ၏ မိသားစုဆက်ဆံရေးအပေါ် မည်သို့ သက်ရောက်မှုရှိသနည်း။ ရိုဟင်ဂျာ လူ့အဖွဲ့အစည်းအပေါ် သက်ရောက်မှု ရှိပါသလား။**
**၃။ ရိုဟင်ဂျာများ အပေါ်ကျူးလွန်သည့် SGBV သည် - ထိုကဲ့သို့ ကျူးလွန်ခြင်းနှင့် ရေရှည် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းလူမှုပိုင်းဆိုင်ရာ နောက်ဆက်တွဲအကျိုးများမှတဆင့် - အပြည်ပြည်ဆိုင်ရာ ဥပဒေအရ လူမျိုးတုံးသတ်ဖြတ်ခြင်းဆိုင်ရာရာဇဝတ်မှု ကျူးလွန်ခြင်း ဖြစ်ပါသလား။**

သုတေသနတွင် ဤမေးခွန်းများကို အလုံးစုံ၊ ယုံကြည်ထိုက်သော၊ စိတ်ချရသော ပုံစံဖြင့် ဖြေဆိုနိုင်စေရန် ဘက်ပေါင်းစုံမှုချဉ်းကပ်နည်းကို ကျင့်သုံးခဲ့ပြီး၊ စိတ်ပညာရှင်များ၊ ဆေးဘက်ဆိုင်ရာဆရာဝန်နှင့် ရှေ့နေများပါဝင်သည့် သုတေသနအဖွဲ့သည် ရှင်သန်ကျန်ရစ်သူများထံမှ ကောက်ယူစုဆောင်းထားသော ဆေးဘက်ဆိုင်ရာနှင့် စိတ်ပိုင်းလူမှုပိုင်းဆိုင်ရာ အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာပြီး တွေ့ရှိချက်များကို သက်ဆိုင်ရာ ဥပဒေဘောင်အတွင်းမှ ဆန်းစစ်ခဲ့သည်။

## ရိုဟင်ဂျာများကြုံတွေ့ခဲ့ရသည့် SGBV အတွက် တရားမျှတမှုကို ရှာဖွေခြင်း

အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံး(ICC)၏ တရားလိုရှေ့နေရုံးသည် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာလူမျိုးများအပေါ်၂၀၁၀ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ မှစတင်၍ သို့မဟုတ် ထိုကာလနောက်ပိုင်းတွင် ကျူးလွန်ခဲ့သည့် နိုင်ငံတွင်းမှ နှင်ထုတ်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းလုပ်ရပ်များ နှင့် အခြားသော လူမဆန်သည့် လုပ်ရပ်များကဲ့သို့သော လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ မြန်မာနိုင်ငံသည် ရောမသဘောတူစာချုပ်ကို ချုပ်ဆိုထားသည့် နိုင်ငံတစ်ခုမဟုတ်သော်လည်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၁၀ ခုနှစ်တွင် ရောမသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်ကို အတည်ပြုခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ICC တရားစီရင်ရေး အကြိုကြားနာရုံး မှ ရိုဟင်ဂျာများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နှင်ထုတ်ခြင်း အပါအဝင် ရိုဟင်ဂျာများအပေါ် ကျယ်ကျယ်ပြန့်ပြန့် နှင့်/သို့မဟုတ် စနစ်တကျ အကြမ်းဖက်မှုများရှိသည်ဟု ယုံကြည်ရန် ကျိုးကြောင်းဆီလျော်သော အခြေခံ အချက်များကို ရှာတွေ့ခဲ့ပြီး၊ အနည်းဆုံး

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပိုင်နက်တချို့တွင် ကျူးလွန်ခဲ့ခြင်းဖြစ်နိုင်သည့်အတွက် ဤကိစ္စရပ်များကို စုံစမ်းစစ်ဆေးရန်အတွက် ICC တရားစီရင်ပိုင်ခွင့်အာဏာကို လုံလောက်စွာ ခွင့်ပြုပေးထားသည်။

အပြည်ပြည်ဆိုင်ရာ တရားရုံး (ICJ) ရှေ့တွင် မြန်မာနိုင်ငံသည် ရိုဟင်ဂျာလူမျိုးများအပေါ် ပြုမူဆက်ဆံပုံ မှတဆင့် လူမျိုးတုံးသတ်ဖြတ်ခြင်းဆိုင်ရာသဘောတူညီချက်နှင့် စပ်လျဉ်း၍ ၎င်း၏ တာဝန်ဝတ္တရားများကို လိုက်နာရန် ပျက်ကွက်သည်ခဲ့ဟု ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် တရားစွဲဆိုထားမှုကို ၂၀၁၉ ခုနှစ်တွင် ဦးတိုက်လျှောက်ထားခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင်၊ အမှုအတွက် ကြားဖြတ်လတ်တလော အစီအမံများ ချမှတ်ပေးရန် ကြားနာစစ်ဆေးစဉ်အတွင်း၊ ဂမ်ဘီယာနိုင်ငံမှ ၎င်း၏ နှုတ်ဖြင့် ထွက်ဆိုလျှောက်လဲချက်များတွင် IIFFMM မှ မှတ်တမ်းတင်ထားသော SGBV အထောက်အထားများတင်သွင်းခဲ့ပါသည်။ ICJ အမှုသည် နိုင်ငံ၏ တာဝန်ဝတ္တရားကို အဆုံးအဖြတ်ပေးရန်နှင့် ပိုမိုကျယ်ပြန့်သော ရိုဟင်ဂျာအကျပ်အတည်းအတွက် ရေရှည်အဖြေတစ်ခုကို ရှာဖွေရန်၊ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာလူမျိုးများ ကြုံခဲ့ရသည့် SGBV အပါအဝင် ကြောက်မက်ဖွယ်ရာအတွေ့အကြုံများကို စနစ်တကျ အသိအမှတ်ပြုကာ ကိုင်တွယ်ဖြေရှင်းရန် တို့အတွက် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ခုဖြစ်ပါသည်။ ၎င်း၏တရားစီရင်ပိုင်ခွင့်ကို မြန်မာမှကန့်ကွက်ခြင်းကို ပယ်ချပြီးသည့်နောက် ICJ တရားသူကြီးများသည် အမှုအား လက်ရှိအဆင့် - အမှုအခင်းဖြစ်စဉ်နှင့် စပ်လျဉ်း၍ နှစ်ဖက် ကြားနာမှုများကို နောက်တစ်ဆင့် စဉ်းစားသည့် အဆင့်ကို ဆက်လက်ဆောင်ရွက်ခွင့်ပြုခဲ့သည်။

၂၀၁၉ ခုနှစ်တွင်လည်း အပြည်ပြည်ဆိုင်ရာ တရားစီရင်ပိုင်ခွင့် 'universal jurisdiction' ကိုအခြေခံ၍ အာဂျင်တီးနားနိုင်ငံရှိ ဖက်ဒရယ်တရားရုံးတွင် ရာဇဝတ်မှုဆိုင်ရာ တိုင်ကြားချက်တစ်ခုကို တင်သွင်းခဲ့ပြီး၊ ၎င်းကြောင့် ၂၀၁၇ ခုနှစ် နယ်မြေရှင်းလင်းရေးအတွင်း မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် SGBV၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့်  လူမျိုးတုံးသတ်ဖြတ်မှု အပါအဝင်  နိုင်ငံတကာ ရာဇဝတ်မှုများကို ဒေသဆိုင်ရာ အာဏာပိုင်များက ဆက်လက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြသည်။ ၂၀၂၃ ခုနှစ် ဇွန်လတွင် အာဂျင်တီးနား ဖယ်ဒရယ် တရားလိုရှေ့နေ တစ်ဦးသည် သက်သေများထံမှ ထွက်ဆိုချက်ရယူခြင်း အပါအဝင် တံခါးပိတ် လျှို့ဝှက် စုံစမ်းစစ်ဆေးရေး ကြားနာမှုကို ပြုလုပ်ခဲ့သည်။ LAW အဖွဲ့သည် ဤသက်သေများကို အာဂျင်တီးနားနိုင်ငံသို့ ခရီးသွားရာတွင် ကူညီပံ့ပိုးပေးခဲ့ပြီး ၎င်းတို့၏ သက်သေထွက်ဆိုချက်များကို ပြင်ဆင်ရာတွင် ကူညီပေးခဲ့သည်။

မြန်မာစစ်တပ်၏ ရာဇဝတ်မှုများမှ ထိခိုက်ခံစားရသူများသည် ပြည်တွင်းတွင်တရားမျှတမှုရရှိရန်အတွက် ယုံကြည်အားထား ရလောက်သော အရင်းအမြစ်မရှိသည့်အတွက် အထက်ပါကဲ့သို့ ဆက်လက်ဆောင်ရွက်နေသည့် အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးလုပ်ငန်းစဉ်များ နှင့်အတူ အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံး(ICC)မှ ဘင်္ဂလားဒေ့ရှ်/မြန်မာ အခြေအနေနှင့် ပတ်သက်ပြီး ဆက်လက်စုံစမ်းစစ်ဆေးမှုများသည် ရိုဟင်ဂျာ ဒုက္ခသည်များကြားတွင် သိသာထင်ရှားသော စိတ်အားထက်သန်မှုကို ဖြစ်ပေါ်စေပါသည်။

မကြာခင်မှာပင် ရိုဟင်ဂျာအကျပ်အတည်းသည် သတ္တမနှစ်အတွင်းသို့ ရောက်ရှိလာလုနီးပါးဖြစ်သောကြောင့် ကော့ဘဇားရှိ စခန်းများတွင် မလုံခြုံမှုနှင့် အကြမ်းဖက်မှုများ သိသိသာသာ မြင့်တက်လာလျက်ရှိသည်။ ဤကဲ့သို့ ရှုပ်ထွေးလှသည့် ပတ်ဝန်းကျင်တွင်ပင် 'တရားမျှတမှု မရရှိဘဲ' မြန်မာနိုင်ငံသို့ ပြန်လာခြင်းသည် လူအများအတွက် မတွေးဝံ့စရာဖြစ်သည်ဟု ရိုဟင်ဂျာအသိုက်အဝန်းကြားရှိ လက်ရှိ အခြေခံလူတန်းစားများ၏ ခံယူချက် ညွှန်ပြနေသည်။ ပြင်းထန်သော SGBV နှင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှု ဖြစ်ရပ်များ ကြုံတွေ့ခဲ့ရသူများနှင့် အကြမ်းဖက်မှုအတွင်း မိသားစုဝင်များ

ဆုံးရှုံးသွားသူများအတွက်  တရားမျှတမှုရရှိခြင်း အရေးပါမှုသည် အဓိကဖြစ်သည်။ ထို့ကြောင့် တရားမျှတမှု၏တန်ဖိုးသည် ယခင်ကကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် တာဝန်ယူတာဝန်ခံမှုဆိုင်ရာ ရိုးရှင်းသောမေးခွန်းမဟုတ်ဘဲ ရိုဟင်ဂျာဒုက္ခသည်များ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို ထိခိုက်သက်ရောက်စေသည့် အကြမ်းဖက်မှုများ၏ ရေရှည်အကျိုးသက်ရောက်မှုများကိုလည်း ကိုင်တွယ်ဖြေရှင်းပေးသင့်ပါသည်။

## ၂။ သုတေသန နည်းစနစ်

သုတေသနကို ၂၀၂၂ ခုနှစ် ဩဂုတ်လ မှ ၂၀၂၃ ခုနှစ် ဧပြီလအတွင်း စိတ်ပညာရှင်လေးဦးနှင့် ၎င်းတို့ကို ကြီးကြပ်သူတစ်ဦး၊ ရှေ့နေငါးဦး နှင့် ဆေးဘက်ဆိုင်ရာ ဆရာဝန်တစ်ဦးတို့ ပါဝင်သော အဖွဲ့မှ လုပ်ဆောင်ခဲ့ပြီး အဆင့် လေးဆင့် ပါဝင်ခဲ့သည်-

(၁) ကုလသမဂ္ဂ UN၊ အစိုးရမဟုတ်သောအဖွဲ့အစည်း NGO၊ နှင့် ပညာရပ်ဆိုင်ရာ စာရွက်စာတမ်း ၄၅ ခုကို စားပွဲဝိုင်းသုံးသပ်ခြင်း/ဖတ်ရှုသုံးသပ်ခြင်း (desk review)၊

(၂) စိတ်ခံစားမှုပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံပြီး၊ ကျင့်ဝတ်အရ သင့်လျော်သော သုတေသန နည်းစနစ်ကို ဒီဇိုင်းရေးဆွဲရန် စူးစမ်းလေ့လာရေးမစ်ရှင်၊

(၃) SGBV မှရှင်သန်ကျန်ရစ်သူများနှင့် နက်နက်ရှိုင်းရှိုင်းတွေ့ဆုံမေးမြန်းမှု (in-depth interviews) ၃၀ ခု (အမျိုးသမီး ၂၂ ဦး၊ အမျိုးသား ၆ ဦး နှင့်  ဟစ်ဂျရာ ၂ ဦး)၊ ရိုဟင်ဂျာသက်သေများ သို့မဟုတ် SGBV မှ ရှင်သန်ကျန်ရစ်သူ ၃၄ ဦး (အမျိုးသမီး ၈ ဦး၊ အမျိုးသား ၁၁ ဦးနှင့် ဟစ်ဂျရာ ၁၅ ဦး)  တို့ဖြင့် ပြုလုပ်သည့်  အုပ်စုဖွဲ့ဆွေးနွေးမှု (FGD) ၄ ခု၊ နှင့် ရိုဟင်ဂျာဒုက္ခသည်အကျပ်အတည်းအတွက် အစောပိုင်းတုံ့ပြန်မှုတွင် လုပ်ကိုင်ဆောင်ရွက်ခဲ့သည့် ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများအပါအဝင် လူသားချင်းစာနာထောက်ထားရေး ဆောင်ရွက်သူများနှင့် ပြုလုပ်သည့် အဓိကသတင်းပေးသူနှင့် တွေ့ဆုံမေးမြန်းမှုများ (KIIs) ၇ ခု၊
နက်နက်ရှိုင်းရှိုင်းတွေ့ဆုံမေးမြန်းမှုများ (in-depth interviews) နှင့် အုပ်စုဖွဲ့ဆွေးနွေးမှုများ (FGD) ကို စိတ်ပညာရှင်များက ဆောင်ရွက်ခဲ့ပါသည်။ ရှင်သန်ကျန်ရစ်သူများ၏ ရုပ်ပိုင်းဆိုင်ရာဒဏ်ရာများနှင့် ထိခိုက်မှုများနှင့်ပတ်သက်၍ ကောက်ယူစုဆောင်းထားသော အချက်အလက်များကို ဆေးဘက်ဆိုင်ရာဆရာဝန်က ပြန်လည်သုံးသပ်ထားသည်၊

(၄) တွေ့ရှိချက်များကို ပြင်ဆင်ရန်အတွက် စိတ်ပညာရှင်များမှ စုဆောင်းရရှိထားသော အချက်အလက်များကို လက်တွေ့ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ဆေးဘက်ဆိုင်ရာ ဆရာဝန်တစ်ဦးမှ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရခြင်းဆိုင်ရာ အချက်အလက်များ ပြန်လည်သုံးသပ်ခြင်းတို့ကို ဒေတာကုဒ်ဒင်း (data coding) နှင့် အရည်အသွေး ခွဲခြမ်းစိတ်ဖြာမှု (qualitative analysis) တို့နှင့်အတူ ပြုလုပ်ခဲ့ပါသည်။ ယင်းနောက် တွေ့ရှိချက်များကို တရားဥပဒေဆိုင်ရာ ခွဲခြမ်းစိတ်ဖြာမှုပြုလုပ်ခဲ့သည်။

ရှင်သန်ကျန်ရစ်သူများနှင့် သက်သေများအသုံးပြုသည့် အသုံးများသည့် သာမာန် ရိုဟင်ဂျာအသုံးအနှုန်းများ၏ ဝေါဟာရအသုံးအနှုန်းများကို သုတေသီများက စိတ်ခံစားမှုများနှင့် ကြုံတွေ့ရသော ဒုက္ခများကို ထုတ်ဖော်ပြသနိုင်ရန် ဖော်ထုတ်ခဲ့သည်။

## ၃။ သက်ဆိုင်သည့် ဥပဒေများ

ဒုတိယကမ္ဘာစစ်အပြီးတွင် လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ သဘောတူညီချက် Genocide Convention မှ ၁၉၄၈ ခုနှစ်တွင် လူမျိုးတုံးသတ်ဖြတ်မှု ဆိုင်ရာရာဇဝတ်မှုအား မှတ်တမ်းတင်အတည်ပြုခဲ့ပြီး၊ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ICC ၏ ရောမ သဘောတူစာချုပ် Rome Statute ၏ အပိုဒ် ၆ တွင် ထပ်တူပြုထားခဲ့သည်။

လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ သဘောတူညီချက် Genocide Convention သည် သေစေတတ်သော သို့မဟုတ် မသေစေသော လုပ်ရပ်များဖြင့် လူမျိုးတုံးသတ်ဖြတ်မှုကို ကျူးလွန်နိုင်ကြောင်းအသိအမှတ်ပြုသည် - လူမျိုးတုံးသတ်ဖြတ်ခြင်းဆိုင်ရာ လုပ်ရပ် (၅) မျိုးအနက်မှ ပထမဆုံးသော လုပ်ရပ်သည်သာ သတ်ဖြတ်မှု လိုအပ်သောကြောင့် ဖြစ်သည်။

Genocide Convention နှင့် Rome Statute တို့သည် လူမျိုးတုံးသတ်ဖြတ်ခြင်းကို အဓိပ္ပါယ် သတ်မှတ်ရာတွင် *'…နိုင်ငံသား၊ လူမျိုး၊ မျိုးနွယ်စု၊ သို့မဟုတ် ဘာသာရေးအုပ်စု တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ကျူးလွန်သည့် အောက်ပါ လုပ်ရပ်များ*
(က) အုပ်စုဝင်များကို သတ်ဖြတ်ခြင်း၊
(ခ) အုပ်စုဝင်များအား ပြင်းထန်သော ခန္ဓာကိုယ် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရစေမှု၊
(ဂ) ရုပ်ပိုင်းဆိုင်ရာ ပျက်စီးမှု တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း ဖြစ်စေရန် တွက်ချက်၍ အုပ်စု၏ ဘဝအခြေအနေ အပေါ်တမင်တကာ ထိခိုက်စေခြင်း၊
(ဃ) အုပ်စုအတွင်း ကလေးမွေးဖွားခြင်းကို တားဆီးရန် ရည်ရွယ်သည့် အစီအမံများ ချမှတ်ခြင်း၊
(င) အုပ်စုမှ ကလေးများကို အခြားအုပ်စုတစ်စုသို့ အတင်းအဓမ္မ လွှဲပြောင်းပေးခြင်း။'

## SGBV သည် လူမျိုးတုံးသတ်ဖြတ်ခြင်းဆိုင်ရာ လုပ်ရပ် တစ်ခုဖြစ်သည်။

လွန်ခဲ့သောနှစ်ပေါင်း ခြောက်ဆယ်အတွင်း ပြည်တွင်းနှင့် နိုင်ငံတကာတရားရုံးများသည် မုဒိမ်းကျင့်မှု၊ မျိုးဆက်ပွားမှုဆိုင်ရာ ကျန်းမာရေး အပေါ်ထိန်းချုပ်မှု၊ နှင့် အခြားလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအပါအဝင် SGBV အမျိုးမျိုးသည် လူမျိုးတုံးသတ်ဖြတ်ခြင်းဆိုင်ရာ လုပ်ရပ်များတွင် ပါဝင်သည်ကို  ပိုမိုရှင်းလင်းစွာ နားလည်သဘောပေါက်စေရန် ပံ့ပိုးပေးခဲ့သည်။

အထင်ရှားဆုံးမှာ ရဝမ်ဒါနိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICTR) နှင့် ယခင် ယူဂိုစလားဗီးယားနိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICTY) ၏ စီရင်ထုံးများဖြစ်ပြီး  SGBV သည်  နိုင်ငံသား၊ လူမျိုး၊ မျိုးနွယ်စု၊ သို့မဟုတ် ဘာသာရေးအုပ်စု တစ်စုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း ကို ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ဇီဝဗေဒပိုင်းဆိုင်ရာ အရ ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ကျူးလွန်နိုင်ခြင်း၊ ကျူးလွန်ခြင်း ဖြစ်ကြောင်း အသိအမှတ်ပြုထားသည့် အတွက် SGBV သည် လူမျိုးတုံး သတ်ဖြတ်ခြင်းဆိုင်ရာ လုပ်ရပ်တစ်ခု ဖြစ်တယ်။ မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် '

ပြင်းထန်သော ခန္ဓာကိုယ် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရစေမှု' (တားမြစ်ထားသည့် ဒုတိယမြောက် လူမျိုးတုံးသတ်ဖြတ်ခြင်း ဆိုင်ရာလုပ်ရပ်) ကို ဖြစ်စေနိုင်ကြောင်း အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးနှစ်ခုစလုံးမှ အသိအမှတ်ပြုထားပြီး
လိင်အင်္ဂါအစိတ်အပိုင်း ဖြတ်တောက်ခြင်း၊ သားကြောဖြတ်ခြင်း၊ အတင်းအကြပ် သန္ဓေတားစေခြင်း၊ လက်ထပ်ထိမ်းမြားခြင်း ကိုတားမြစ်ခြင်း၊ မုဒိမ်းကျင့်ခြင်းနှင့် အခြားအုပ်စု၏ မုဒိမ်းကျင့်မှုမှတစ်ဆင့် တမင်တကာ ကိုယ်ဝန်ရစေခြင်း တို့အပါအဝင် SGBV ၏ အမျိုးအစားများစွာသည် (တားမြစ်ထားသည့် စတုတ္ထမြောက် လူမျိုးတုံးသတ်ဖြတ်ခြင်းဆိုင်ရာလုပ်ရပ်) ဖြစ်သည့် 'အုပ်စုအတွင်း ကလေးမွေးဖွားခြင်းကို တားဆီးရန် ရည်ရွယ်သည့် အစီအမံများ ချမှတ်ခြင်း' ဖြစ်ကြောင်း ICTR မှ အသိအမှတ် ပြုထားပါသည်။

အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံး(ICC)၏ တရားလိုရှေ့နေရုံးမှနေ၍ တားမြစ်ထားသည့် လူမျိုးတုံးသတ်ဖြတ်ခြင်းဆိုင်ရာ လုပ်ရပ်များအားလုံးတွင် လိင်ပိုင်းဆိုင်ရာ သို့မဟုတ် ဂျဲန်ဒါဆိုင်ရာ အစိတ်အပိုင်းတစ်ခု ပါရှိနိုင်ပြီး နိုင်ငံသား၊ လူမျိုး၊ မျိုးနွယ်စု၊ သို့မဟုတ် ဘာသာရေးအုပ်စု တစ်စုကို ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ကျူးလွန်ပါက၊ ထိုသို့သော လုပ်ရပ်များသည် လူမျိုးတုံးသတ်ဖြတ်မှု ဖြစ်နိုင်ကြောင်း အတည်ပြုခဲ့သည်။ ထို့ကြောင့် မုဒိမ်းမှုနှင့် အခြားသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပုံစံများသည် အုပ်စုတစ်ခုအပေါ် သက်ရောက်နေသည့် ဖျက်ဆီးမှုပုံစံ၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်နိုင်ပြီး၊ ထို့ကြောင့် လူမျိုးတုံးသတ်ဖြတ်မှုအဖြစ် စွဲချက်တင်ခံရနိုင်သည်။

## ၄။ ရိုဟင်ဂျာလူမျိုးများ၏ အမှု- ရှာဖွေတွေ့ရှိချက်များနှင့် ဥပဒေရေးရာ ခွဲခြမ်းစိတ်ဖြာချက်များ

### အဓိကရှာဖွေတွေ့ရှိချက်များ

၁။ ၂၀၁၇ ခုနှစ် 'နယ်မြေရှင်းလင်းရေး' အတွင်း ကျူးလွန်ခဲ့သော SGBV ကြောင့် ရရှိခဲ့သည့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာ အတိုင်းအတာသည် ရှင်သန်ကျန်ရစ်သူများ၏ လိင်အင်္ဂါကို အမြဲတမ်း ပျက်စီးစေခြင်း၊ ယင်းကြောင့် ၎င်းတို့၏ မျိုးပွားနိုင်စွမ်းကို ထိခိုက်စေခြင်း အပါအဝင် ရေရှည်နောက်ဆက်တွဲအကျိုးဆက်များ ဖြစ်ပေါ်စေခဲ့သည်။

၂။ ရှင်သန်ကျန်ရစ်သူ ကျား၊မ၊ဂျဲန်ဒါ မရွေး ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို ဖော်ပြခဲ့ကြပြီး ၎င်းတို့အား အလွန်အမင်း ဆိုးရွားသော စိတ်ပိုင်းဆိုင်ရာ ဖိစီးမှု ဝေဒနာများကို ခံစားရစေကာ အလုံးစုံ ထုံထိုင်းခြင်း အာရုံခံစားမှုကင်းမဲ့ခြင်းတို့ဖြစ်စေနိုင်သည်။

၃။ SGBV သည် ရှင်သန်ကျန်ရစ်သူတစ်ဦးချင်းစီ၏ မိသားစုတွင်း ပေါင်းသင်းဆက်ဆံရေးများကို ပျက်စီးစေသည့် အပြင် ၎င်းတို့၏ လက်တွဲဖော်နှင့် ရင်းနှီးကျွမ်းဝင်ရေး၊ မိသားစုကွန်ရက်များနှင့် ပိုမိုကျယ်ပြန့်သော အသိုင်းအဝန်းနှင့် ပေါင်းသင်းဆက်ဆံရေးအပါအဝင် ဆက်ဆံရေးများကို ပျက်စီးစေသည်။ အထူးသဖြင့်၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို အသုံးပြုခြင်းသည် ရှင်သန်ကျန်ရစ်သူများ၏ မိဘနှင့် ကလေးကြားဆက်ဆံရေးနှင့် မျိုးဆက်ပွါးရန် ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာစွမ်းရည်တို့ကို အနုတ်သဘောဖြင့် သက်ရောက်မှုရှိသည်။

၄။ SGBV ၏ စနစ်ကျသော သဘောသဘာဝသည် အနည်းဆုံး နည်းလမ်းသုံးမျိုးဖြင့် ရပ်ရွာလူမှုရေးအခင်းအကျင်းကို ထိခိုက်စေပါသည်။ ပထမဦးစွာ၊ မိသားစုနှင့် ဆွေမျိုးပေါက်ဖော်များမှ ရှင်သန်ကျန်ရစ်သော အမျိုးသမီးများကို ပြင်းထန်စွာ ဖယ်ထုတ်ခြင်းဖြင့် ၎င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာ ဝိသေသလက္ခဏာများ ဆုံးရှုံးသွားစေသည်။ ဒုတိယအားဖြင့် အာဏာမဲ့မှုကို လှုံ့ဆော်ပေးပြီး၊ ၎င်းတို့၏လူမှုရေးအခန်းကဏ္ဍကို လျှော့ပါးစေခြင်းဖြင့် အမျိုးသားများ၏ သင်္ကေတ ဖြစ်သော ယောက်ျားပီသမှုကို ကျဆင်းသွားစေသည်။ တတိယအချက်မှာ ရိုဟင်ဂျာမိသားစုယူနစ် နှင့် မျိုးရိုးစဉ်ဆက်ကို အတင်းအကြပ်ပြန်လည်ဖွဲ့စည်းခြင်းနှင့် လူမှုအသိုက်အဝန်းအတွင်း အိမ်ထောင်ပြုခြင်းကဲ့သို့သော အနာဂတ်လူမှုရေး မဟာမိတ်များ ပြိုကွဲဆုတ်ယုတ်သွားစေသည်။

## ဥပဒေရေးရာ ခွဲခြမ်းစိတ်ဖြာချက်များ

၎င်း၏ သုတေသနကို အခြေခံ၍ LAW အဖွဲ့မှနေ၍ - **၎င်း၏ ကြိုတင်ခန့်မှန်းနိုင်သော ရေရှည် ကျန်းမာရေးနှင့် စိတ်ပိုင်းလူမှုပိုင်းဆိုင်ရာ သက်ရောက်မှုများမှတဆင့် ရိုဟင်ဂျာများအပေါ် မြန်မာစစ်တပ်၏ SGBV ကျူးလွန်မှုသည် လူမျိုးတုံးသတ်ဖြတ်ခြင်းဆိုင်ရာ နောက်တွင်ဖော်ပြထားသည့် လုပ်ရပ်နှစ်မျိုးအနေဖြင့် တွေ့ရှိနိုင်သည် -**
**က)အုပ်စုဝင်များအား ပြင်းထန်သော ခန္ဓာကိုယ် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရစေမှု၊ နှင့်**
**ခ)အုပ်စုအတွင်း ကလေးမွေးဖွားခြင်းကို တားဆီးရန် ရည်ရွယ်သည့် အစီအမံများ ချမှတ်မှု -**
ဟုကောက်ချက်ချထားပါသည်။

ICC ၏ ရာဇဝတ်မှုများ၏ အခြေခံလက္ခဏာများ အပိုဒ် ၆(ခ) အရ၊ ပြင်းထန်သော ခန္ဓာကိုယ် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရမှုဖြစ်စေသော လူမျိုးတုံးသတ်ဖြတ်မှုတွင် အောက်ပါအချက်လေးချက် ပါဝင်သည်-

၁။ ပြစ်မှုကျူးလွန်သူသည် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော ပုဂ္ဂိုလ်အား ပြင်းထန်သော ခန္ဓာကိုယ် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရစေသည်။

၂။ ထိုပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များသည် သီးခြား နိုင်ငံသား၊ လူမျိုး၊ မျိုးနွယ်စု၊ သို့မဟုတ် ဘာသာရေးအုပ်စု တစ်စုတွင် ပါဝင်သက်ဆိုင်သည်။

၃။ ပြစ်မှုကျူးလွန်သူသည် နိုင်ငံသား၊ လူမျိုး၊ မျိုးနွယ်စု၊ သို့မဟုတ် ဘာသာရေးအုပ်စု တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအား ဖျက်ဆီးပစ်ရန် ရည်ရွယ်သည်။

၄။ အပြုအမူသည် ထိုအုပ်စုကို ဆန့်ကျင်သောအလားတူအပြုအမူ၏ ထင်ရှားသောပုံစံတစ်ခုဖြင့် ဖြစ်ပျက်ခဲ့သည် သို့မဟုတ် ယင်းကဲ့သို့ပျက်စီးခြင်းဖြစ်စေရန် ၎င်းကိုယ်တိုင် အကျိုးသက်ရောက်စေနိုင်သည့် အပြုအမူဖြစ်သည်။

ICC ၏ ရာဇဝတ်မှုများ၏ အခြေခံလက္ခဏာများ အပိုဒ် ၆(ဃ) အရ၊ အုပ်စုအတွင်း ကလေးမွေးဖွားခြင်းကို တားဆီးရန် ရည်ရွယ်သည့် အစီအမံများ ချမှတ်ခြင်းဖြင့် လူမျိုးတုံးသတ်ဖြတ်မှုတွင် အောက်ပါအချက်များ ပါဝင်သည်-

၁။ ပြစ်မှုကျူးလွန်သူသည် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော လူပုဂ္ဂိုလ်များအပေါ်တွင် အချို့သော အစီအမံများ ချမှတ်ခဲ့သည်။

၂။ ထိုပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များသည် သီးခြား နိုင်ငံသား၊ လူမျိုး၊ မျိုးနွယ်စု၊ သို့မဟုတ် ဘာသာရေးအုပ်စု တစ်စုတွင် ပါဝင်သက်ဆိုင်သည်။

၃။ ပြစ်မှုကျူးလွန်သူသည် နိုင်ငံသား၊ လူမျိုး၊ မျိုးနွယ်စု၊ သို့မဟုတ် ဘာသာရေးအုပ်စု တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအား ဖျက်ဆီးပစ်ရန် ရည်ရွယ်သည်။

၄။ ချမှတ်ထားသော အစီအမံများသည် ထိုအုပ်စုအတွင်း ကလေးမွေးဖွားခြင်းကို တားဆီးရန် ရည်ရွယ်ပါသည်။ နှင့်

၅။ အပြုအမူသည် ထိုအုပ်စုကို ဆန့်ကျင်သောအလားတူအပြုအမူ၏ ထင်ရှားသောပုံစံတစ်ခုဖြင့် ဖြစ်ပျက်ခဲ့သည် သို့မဟုတ် ယင်းကဲ့သို့ပျက်စီးခြင်းဖြစ်စေရန် ၎င်းကိုယ်တိုင် အကျိုးသက်ရောက်စေနိုင်သည့် အပြုအမူဖြစ်သည်။

အောက်ဖော်ပြပါ ကဏ္ဍများတွင် ရိုဟင်ဂျာများအပေါ် မြန်မာစစ်တပ်မှ ကျူးလွန်သည့် SGBV သည် က) ပြင်းထန်သော ခန္ဓာကိုယ် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရမှုဖြစ်စေသည် ဆိုသည်နှင့် ခ) အုပ်စုအတွင်း ကလေးမွေးဖွားခြင်းကို တားဆီးရန် ရည်ရွယ်သည် ဆိုသည့် ခွဲခြမ်းစိတ်ဖြာမှုအား LAW ၏ သုတေသနတွေ့ရှိချက်မှ ပံ့ပိုးပေးပုံကို အကျဉ်းချုံးဖော်ပြပါမည်။

## ၄.၁။ အုပ်စုဝင်များအား ပြင်းထန်သော ခန္ဓာကိုယ် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရစေမှု

### ၄.၁.၁၊ ရုပ်ပိုင်းဆိုင်ရာဒဏ်ရာများ

ဤသုတေသနအတွက် တွေ့ဆုံမေးမြန်းခဲ့သော ရိုဟင်ဂျာ ရှင်သန်ကျန်ရစ်သူများသည် မြန်မာစစ်တပ်မှ ကျူးလွန်ခဲ့သော SGBV ၏ လုပ်ရပ်များစွာကို ထုတ်ဖော်ပြောကြားခဲ့ကြပြီး ၎င်းတို့၏ လိင်အင်္ဂါများနှင့် ဒုတိယလိင်အင်္ဂါများ (secondary sex organs ) တွင် ပြင်းထန်ပြီး အချိန်ကြာ ရှိနေသည့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်းကို ဖော်ပြခဲ့သည်။ မြန်မာနိုင်ငံမှ ထွက်ပြေးလာစဉ်နှင့် ဒုက္ခသည်စခန်းများသို့ ရောက်ရှိချိန်တွင် ထိခိုက်ခံစားရသူများ အနေဖြင့် အထူးပြုကျန်းမာရေးစောင့်ရှောက်မှု မရရှိနိုင်ခြင်းကြောင့် **မြန်မာနိုင်ငံတွင် ကြုံတွေ့ခဲ့ရသည့် SGBV နှင့် ဆက်စပ်ပြီး ရှင်သန်ကျန်ရစ်သူအများအပြား၏ ဒဏ်ရာများနှင့် ဝေဒနာများအတွက် ဖြေရှင်းနိုင်ခြင်းမရှိသေးဘဲ ယနေ့အထိ နာတာရှည်နာကျင်မှုနှင့် ထပ်တလဲလဲ ကြုံတွေ့နေရသည့် မျိုးဆက်ပွားလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများကို ဆက်လက်ခံစားနေကြရသည်။**

SGBV ကြောင့် ရရှိခဲ့သည့် အမျိုးသမီးများအတွက် ပြင်းထန်သော ခန္ဓာကိုယ် ထိခိုက်ဒဏ်ရာရမှုတွင် လိင်အင်္ဂါ ဖြတ်တောက်ခံရခြင်းနှင့် မိန်းမကိုယ်၊ သားအိမ်၊ ဝမ်းဗိုက်နှင့် ရင်သားတို့တွင် ဒဏ်ရာများ ရရှိခြင်းတို့ပါဝင်သည်။ အမျိုးသားများနှင့် ဟစ်ဂျရာတို့၏ ပြင်းထန်သော ခန္ဓာကိုယ်ထိခိုက်ဒဏ်ရာရမှု တွင် လိင်တံ၊ ဆီးလမ်းကြောင်း၊ စအို၊ ခါးအောက်ပိုင်းနှင့် စအိုရေိယာတို့ ပါဝင်သည်။ SGBV ကျူးလွန်နေစဉ်အတွင်း မြန်မာစစ်တပ် သို့မဟုတ် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ၎င်းတို့အား အခြားသောအကြမ်းဖက်မှုများလည်း ကျူးလွန်ခဲ့ကြောင်း LAW အဖွဲ့တွင် အင်တာဗျူးဖြေဆိုခဲ့သော ရှင်သန်ကျန်ရစ်သူအားလုံးက အစီရင်ခံတင်ပြခဲ့သည်။ ဤအကြမ်းဖက်မှုကြောင့် လက်များ၊ လက်ကောက်ဝတ်များနှင့် ရင်ဘတ်အပါအဝင် အခြားကိုယ်ခန္ဓာအစိတ်အပိုင်းများ (အတင်းအကြပ်ချုပ်နှောင်ခြင်းမှ) နှင့် ဝမ်းဗိုက်၊ ကျောက်ကပ်၊ နောက်ကျော၊ လည်ပင်း၊ မျက်နှာနှင့် ဦးခေါင်း (ရိုက်နှက်မှုကြောင့်) အပါအဝင် ခန္ဓာကိုယ်အစိတ်အပိုင်းများကို ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရစေခဲ့သည်။

ရှင်သန်ကျန်ရစ်သူအများအပြားအတွက်၊ ၎င်းတို့၏လိင်အင်္ဂါနှင့် ဒုတိယလိင်အင်္ဂါများ (secondary sex organs) တွင် ဒဏ်ရာရခြင်း၊ နာတာရှည်နာကျင်ခြင်းနှင့် ရောဂါပိုးဝင်ခြင်းများကြောင့် ၎င်းတို့၏ လိင်ဆက်ဆံခြင်းနှင့် မျိုးပွားနိုင်စွမ်းအပေါ် ရေရှည်အကျိုးသက်ရောက်မှုရှိသည်။ အမျိုးသမီး ရှင်သန်ကျန်ရစ်သူများသည် လိင်ဆက်ဆံစဉ်အတွင်း နာကျင်မှု၊

ကိုယ်ဝန်ဆောင်နှင့် ကလေးမီးဖွားခြင်းဆိုင်ရာ နောက်ဆက်တွဲပြဿနာများနှင့် မိခင်နို့တိုက်ကျွေးရာတွင် အခက်အခဲများ အကြောင်းကို ဖော်ပြခဲ့ပြီး ၎င်းတို့ကြောင့် သူမတို့၏ လက်တွဲဖော်များနှင့် ဆက်ဆံရေးအပြင်၊ သားသမီးများမွေးဖွားခြင်းနှင့် ပြုစုစောင့်ရှောက်နိုင်စွမ်းကို ထိခိုက်စေခဲ့ကြောင်း ဖော်ပြခဲ့သည်။ အမျိုးသား ရှင်သန်ကျန်ရစ်သူများသည် လိင်ဆက်ဆံလိုစိတ် စိတ်ကင်းမဲ့ခြင်းနှင့် ပန်းသေပန်းညှိုးဖြစ်ခြင်း (erectile dysfunction) တို့ကြုံတွေ့ရသည့်အတွက် ၎င်းတို့၏ လက်တွဲဖော်များနှင့် ဆက်ဆံရေးနှင့် မျိုးပွါးနိုင်စွမ်းကိုပါ ထိခိုက်စေခဲ့သည်။

## ၄.၁.၂၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ

SGBV မှ ရှင်သန်ကျန်ရစ်သူများ၏ ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာများနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများကို သီးခြားခွဲ၍ မကြည့်သင့်ပါ။ ၂၀၁၇ ခုနှစ် တိုက်ခိုက်မှုအတွင်း မြန်မာစစ်တပ်က ရိုဟင်ဂျာများအပေါ် SGBV နှင့် မုဒိမ်းကျင့်မှုများကြောင့် **ရှင်သန်ကျန်ရစ်သူ ဂျဲန်ဒါ အားလုံးနှင့် အကြမ်းဖက်တိုက်ခိုက်မှုကို မျက်မြင်တွေ့ခဲ့သူများအနေဖြင့်** ကာလရှည် **စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများရစေခဲ့သည်။**

ဆယ်စုနှစ်များစွာ နှိပ်စက်ညှဉ်းပန်းမှု၏ တဖြည်းဖြည်းတိုးပွားလာသောသက်ရောက်မှုမှာ ရိုဟင်ဂျာ ရှင်သန်ကျန်ရစ် သူများသည် ၂၀၁၇ တိုက်ခိုက်မှုများမတိုင်မီကပင် အကြောက်တရားနှင့် အထူးသတိထားနေထိုင်ရသည့် အခြေအနေတွင် ရေရှည်နေထိုင် ခဲ့ကြခြင်းကိုဆိုလိုခြင်းဖြစ်သည်။ ၂၀၁၇ ခုနှစ်အတွင်း SGBV ၏ ရက်စက်ကြမ်းကြုတ်ပြီး လူသိရှင်ကြား သဘောသဘာဝကြောင့် ကြောက်ရွံ့မှုကို ထပ်မံတိုးပွားစေခဲ့ပြီး ရှင်သန်ကျန်ရစ်သူများ၊ ၎င်းတို့၏မိသားစုများနှင့် ကျယ်ပြန့်သောအသိုက်အဝန်းအား ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ဖြစ်စေခဲ့သည်။

ရှင်သန်ကျန်ရစ်သူ အများအပြားသည် ၎င်းတို့ကြုံတွေ့ခဲ့ရသည့် SGBV ၏ရလဒ်ကြောင့် စိတ်ပိုင်းဆိုင်ရာ ဖိစီးမှု ခံစားခဲ့ရသည့်အတွက် ဆက်တိုက်ထုံထိုင်းနေသည့် အခြေအနေဖြင့် နေထိုင်ရကြောင်းဖော်ပြခဲ့သည်။ ဤသို့အတွေ့အကြုံကို 'ခံစားရသည့်ဒုက္ခထက်ပိုသည့်' အခြေအနေအဖြစ်ဖော်ပြကြသည်။

မိသားစုဝင်များနှင့် အိမ်နီးနားချင်းများအပေါ် မကြာခဏဆိုသလို လူမြင်ကွင်းတွင် ကျူးလွန်ခဲ့သော SGBV ၏ လုပ်ရပ်များကို မျက်မြင်တွေ့ခဲ့ရသူများ၊ သို့မဟုတ် အတင်းအကြပ် ကြည့်ရှုရန် စေခိုင်းခံခဲ့ရသူများသည်လည်း ၎င်းတို့မြင်လိုက်ရသည့် အရာကြောင့် စိတ်ဒဏ်ရာရခဲ့ကြပါသည်။ ရှင်သန်ကျန်ရစ်သူအချို့သည် မိသားစုဝင်များ သို့မဟုတ် အခြားအသိုင်းအဝိုင်း အဖွဲ့ဝင်များအပေါ်ကျူးလွန်သည့် အကြမ်းဖက်မှုများကို တမင်တကာ ကြည့်ရှုရန် သို့မဟုတ် ကြားရန် အတင်းအကြပ် ခိုင်းစေခြင်း ခံခဲ့ရသည်- ဥပမာ၊ ခင်ပွန်းနှင့် ဇနီးသည်တို့သည် တစ်ခန်းတည်း၌ နှစ်ဦးစလုံးအဓမ္မပြုကျင့်ခံရခြင်းကို ကြည့်ရှုရန် အတင်းအကြပ် ခိုင်းစေခံရခြင်း၊ သမီးကို အဓမ္မပြုကျင့် သတ်ဖြတ်ပြီး သူ့ရှေ့မှာပင် မီးရှို့ခံရသည်ကို မိခင်က မြင်ခဲ့ခြင်း၊ ထိန်းသိမ်းရေးစခန်းများတွင် ရိုဟင်ဂျာ အမျိုးသားများကို အခြား ရိုဟင်ဂျာ အကျဉ်းသားများ မုဒိမ်းကျင့်ခံရမှုကို ကြည့်ရန် အတင်းအကြပ်စေခိုင်းခံရခြင်း တို့ဖြစ်သည်။ မိဘများနှင့် အခြားအသိုင်းအဝိုင်းအဖွဲ့ဝင်များအပေါ် ကြမ်းတမ်းသည့် လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုများကို အဓမ္မ ကြည့်ရှုရန် ခိုင်းစေခြင်း ခံခဲ့ရသည့် ကလေးများသည် စိတ်ဒဏ်ရာရသည့် အပြင် အကြောက်တရားနှင့် အဆက်မပြတ်နေထိုင်ကြနေရသည့် အခြေအနေသို့ ရောက်ရှိကြသည်။

ရှင်သန်ကျန်ရစ်သူများနှင့် တွေ့ဆုံမေးမြန်းမှုများအတွင်း စိတ်ပိုင်းဆိုင်ရာ ဝေဒနာ၏ လက္ခဏာအများအပြားကို မှတ်တမ်း တင်ထားခဲ့ပြီး အများစုမှာ စိတ်ဒဏ်ရာရပြီးနောက် စိတ်ဖိစီးမှု၏ ပုံမှန်လက္ခဏာများ (post-traumatic stress) ကို

ထပ်တလဲလဲမြင်တွေ့ကြရသည်။ အနှောက်အယှက်ဖြစ်စေသော အတွေးများနှင့် အဖြစ်အပျက်ဆိုးများကို မြင်ယောင်သတိရလာခြင်း၊ အိပ်စက်ရာတွင်အနှောက်အယှက်ဖြစ်ခြင်း၊ ရှက်ခြင်းနှင့် ဒေါသထွက်ခြင်း၊ ပူပင်သောက၊ စိတ်နှင့်ကိုယ်မကပ်ခြင်းနှင့် 'ငြိမ်သက်ခြင်းကင်းမဲ့ခြင်း၊ ငြိမ်းချမ်းမှုမရှိခြင်း' (Ashanti) ၏နက်နဲသော စိတ်ခံစားမှုအခြေအနေတွင် အမြစ်တွယ်နေသည့် 'စိတ်ပိုင်းဆိုင်ရာ အရ သေဆုံးခြင်း' ကို ခံစားရခြင်း (Antu soit no assil) တို့ကိုလည်းတွေ့ရှိရသည်။

ရှင်သန်ကျန်ရစ်သူများသည် ၎င်းတို့၏နေ့စဉ်ဘဝတွင် ရုပ်ပိုင်းဆိုင်ရာအရ လုပ်ဆောင်နိုင်စွမ်းမရှိတော့သည့် ၎င်းတို့၏စိတ်ပိုင်းဆိုင်ရာ ဖိစီးမှု ဒုက္ခအတိုင်းအတာကို ဖော်ပြခဲ့ကြပြီး၊အထူးသဖြင့် ၎င်းတို့အား ထောက်ပံ့ကူညီပေးသည့် အိမ်ထောင်ဖက် သို့မဟုတ် အိမ်ထောင်ဖက်၏မိသားစု တို့ မရှိသည့် အခါမျိုးတွင် ၎င်းတို့အိမ်ထောင်စု၏ ရှင်သန်ရပ်တည်ရေးအတွက် လိုအပ်သောအလုပ်များကိုလုပ်ဆောင်သည့် အခါ ထိုတာဝန်များ ပြီးမြောက်ရန် အလွန်ခက်ခဲကြောင်းဖော်ပြခဲ့ကြသည်။

### ၄.၁.၃။ နာတာရှည်ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာများသည် ရိုဟင်ဂျာအရေးကိစ္စတွင် 'ပြင်းထန်သော ခန္ဓာကိုယ်နှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရစေမှုများ' ဖြစ်သည်။

အထင်ကရဖြစ်သည့် ICTR Akayesu အမှုတွင် မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအား အုပ်စုတစ်ခု၏ ဖျက်ဆီးသည့် အဆင့်များအဖြစ် - '**စိတ်ဝိညာဉ်ကို ဖျက်ဆီးခြင်း၊ အသက်ရှင်လိုသော ဆန္ဒနှင့် ဘဝ၏ အလိုဆန္ဒတို့ကို ဖျက်ဆီးခြင်း”** အဖြစ် အသိအမှတ်ပြုခဲ့သည်။
မုဒိမ်းမှုသည် ခန္ဓာကိုယ် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာကို ပြင်းထန်သော ထိခိုက်ဒဏ်ရာရမှုဖြစ်စေသည့် လူမျိုးတုံး သတ်ဖြတ်ခြင်းဆိုင်ရာ လုပ်ရပ်တစ်ခု ဖြစ်နိုင်ပြီး ထိုသို့သော **ထိခိုက်ဒဏ်ရာရမှုမျိုးသည် ထာဝရ ကျန်ရှိနေစရာမလို သကဲ့သို့ ကုစား၍မရနိုင်ခြင်းမျိုးဖြစ်နေစရာ မလို** ကြောင်း ICTR မှ တွေ့ရှိခဲ့သည်။ *Krstić* ၏အမှုတွင် ICTY မှနေ၍ ဆိုးရွားသောထိခိုက်ဒဏ်ရာဆိုသည် 'ယာယီစိတ်မချမ်းသာမှု၊ ရှက်ရွံ့မှု' ထက်ကျော်လွန်ပြီး '**လူတစ်ဦး၏ ပုံမှန်နှင့် အပြုသဘောဆောင်သောဘဝတစ်ခုကို ဦးဆောင်နိုင်စွမ်း အပေါ် ဆိုးရွားပြီး ရေရှည်ဆိုးကျိုးတစ်ခု ဖြစ်စေသည်**' ဟု အတည်ပြုခဲ့သည်။

ဤသုတေသန၏ တွေ့ရှိချက်များမှ ရိုဟင်ဂျာ SGBV မှ ရှင်သန်ကျန်ရစ်သူများ ခံစားရသည့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရမှု အတိုင်းအတာသည် အပြည်ပြည်ဆိုင်ရာဥပဒေ၏ 'ပြင်းထန်သော ခန္ဓာကိုယ်ထိခိုက်ဒဏ်ရာရမှု သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု' အတွက် သတ်မှတ်ချက်များနှင့် ပြည့်မီကြောင်း ရှင်းရှင်းလင်းလင်းပြသထားသည်။

- LAW အဖွဲ့မှ စုဆောင်းရရှိထားသော အချက်အလက်များတွင် ရိုဟင်ဂျာ SGBV မှ ရှင်သန်ကျန်ရစ်သူများ ခံစားရသည့် ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာများ၏ **အတိမ်အနက်နှင့် ကျယ်ပြန့်ပုံ** ကို ဖော်ပြထားသည်၊ ၎င်းသည် ဆက်လက်၍ နာကျင်မှုဖြစ်စေကာ ၎င်းတို့၏ ကျန်းမာရေး၊ အကျိုးရှိသည့် နေ့စဉ်ဘဝတွင် ဦးဆောင်နိုင်စွမ်း နှင့် မျိုးပွားနိုင်စွမ်း တို့ကို ထိခိုက်စေသည်။

- စုဆောင်းရရှိထားသော အချက်အလက်များတွင် SGBV ၏ လုပ်ရပ်ကြောင့် ရှင်သန်ကျန်ရစ်သူများနှင့် အကြမ်းဖက်မှု၊ အလွဲသုံးစားလုပ်မှုအား မျက်မြင်တွေ့ရှိသူများ ကြုံတွေ့ရသည့် **စိတ်ပိုင်းဆိုင်ရာထိခိုက်မှု၏ အတိုင်းအတာ** ကို ဖော်ပြထားသည်။ အထူးသဖြင့် အမျိုးသားများအတွက်၊ SGBV ၏ အတွေ့အကြုံသည် ၎င်းတို့အား စိတ်ပိုင်းဆိုင်ရာအရ ယောကျ်ားပီသမှု လျော့နည်းလာသည်ဟု ခံစားရစေပြီး နက်နက်ရှိုင်းရှိုင်း အာဏာမဲ့လာသည်ဟု ခံစားရစေပါသည်။
- SGBV ကို ကြုံကြုံခံခဲ့သည့် မိဘများ၏ **ရိုဟင်ဂျာကလေးငယ်များ** သည် ပြင်းထန်သော စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာများ/စိတ်ဒဏ်ရာများကို ခံစားခဲ့ရပြီး အကြောက်တရားဖြင့် အဆက်မပြတ် နေထိုင်နေကြရသည်။ အချို့သောကိစ္စများတွင်၊ ကလေးများသည် အစဉ်အလာအရ မိဘနှင့် ကလေးအကြားဆက်ဆံရေးကို ပြောင်းပြန်လှန်လိုက်သကဲ့သို့ပင် ကလေးများအနေနှင့် ၎င်းတို့၏မိဘများကို ပြုစုစောင့်ရှောက်ရန်အတွက် မိဘအခန်းကဏ္ဍကို တာဝန်ယူနေကြရသည်။ ရိုဟင်ဂျာကလေး မျိုးဆက်သစ်များအတွက် ရေရှည်စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုသည် **ထိုလူထုအသိုက်အဝန်း၏အနာဂတ်အပေါ် သက်ရောက်မှုရှိပြီး အနာဂတ်မျိုးဆက်သစ်များ အတွက် မျိုးဆက်အချင်းချင်းလက်ဆင့်ကမ်းသည့်စိတ်ဒဏ်ရာများ (intergenerational trauma)** ကို ဖန်တီးပေါ်ပေါက်လာနိုင်သည့်အန္တရာယ်နှင့်ကြုံနေရပါသည်။
- SGBV ၏ ဆိုးဝါးသောလုပ်ရပ်များမှ ရှင်သန်ကျန်ရစ်ခြင်းနှင့် မျက်မြင်ကြုံရခြင်းအတွေ့အကြုံသည် ထိခိုက်ခံစားရသူများနှင့် မျက်မြင်သက်သေများအား **လေးနက်သောအကြောက်တရားနှင့် အထူးနိုးနိုးကြားကြားဖြစ်ခြင်း** တို့ကို လှုံ့ဆော်ပေးခဲ့ပြီး ၎င်းတို့၏ဘေးကင်းလုံခြုံရေး၊ ရပ်ရွာ၏ဘေးကင်းလုံခြုံရေးနှင့် အနာဂတ်အတွက် ရေရှည်အကြောက်တရားများကို ဖန်တီးပေးခဲ့သည်။

## ၄.၂။ အုပ်စုအတွင်း ကလေးမွေးဖွားခြင်းကို တားဆီးရန် ရည်ရွယ်၍ အစီအမံများ ချမှတ်ထားခြင်း

ပစ်မှတ်ထားအုပ်စုကို မျိုးပွားခြင်းမှတားဆီးခြင်းသည် မကြာခဏဆိုသလို 'လူမျိုးတုံးသတ်ဖြတ်ခြင်း' ကိုဖြစ်စေခြင်း ဖြစ်သည်။ IIFFMM ကရှာဖွေတွေ့ရှိခဲ့သည်မှာ မြန်မာအာဏာပိုင်များသည် 'ထိန်းချုပ်၍မရသော' ရိုဟင်ဂျာ ကလေး မွေးဖွားနှုန်းဇာတ်ကြောင်းကို ရည်ရွယ်ချက်ရှိရှိ တက်ကြွစွာ ဝါဒဖြန့်သတင်းလွှင့်ခဲ့ပြီး ထိုသူတို့သည် နိုင်ငံတော်အတွက် ခြိမ်းခြောက်မှုတစ်ခုအဖြစ် ဖွဲ့စည်းလာခြင်းဖြစ်သည်ဟု ဆိုခဲ့ကြသည်။ 'နယ်မြေရှင်းလင်းရေးများ' မတိုင်မီ နှစ်ပေါင်းများစွာထဲက မြန်မာနိုင်ငံ၏မူဝါဒများသည် ရိုဟင်ဂျာ လူမျိုးများ လက်ထပ်ခြင်းနှင့် မျိုးပွားမှုအခွင့်အရေးအပေါ် သိသိသာသာ ကန့်သတ်ချုပ်ချယ်မှုများ ထားရှိခဲ့သည်ဖြစ်ရာ ထိုလူမှုအသိုင်းအဝိုင်း၏ မျိုးပွားမှုစွမ်းရည်ကို ကန့်သတ်ထားခြင်းကိုပြုလုပ်ခဲ့သည်။

LAWအဖွဲ့၏သုတေသနတွင် မှတ်တမ်းတင်ထားခဲ့သော အကျိုးသက်ရောက်မှုက ရှင်းလင်းစွာပြသည်မှာ ရိုဟင်ဂျာလူမျိုးများ ကလေးမွေးဖွားမှုကို ထိန်းချုပ်ရန် နိုင်ငံအဆင့်ဦးဆောင်သည့် ဤလှုပ်ရှားမှု၏နောက်ခံဖြင့်၊ မြန်မာနိုင်ငံသည် ရိုဟင်ဂျာအုပ်စုအတွင်း ကလေးမွေးဖွားခြင်းကိုတားဆီးရန် ရည်ရွယ်သည့်အစီအမံများ ချမှတ်ခဲ့ကြောင်း ပြသပါသည်။

**၄.၂.၁၊ ကလေးမွေးဖွားခြင်းကိုတားဆီးစေသည့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာများ-** ၂၀၁၇ တိုက်ခိုက်မှုများအတွင်း SGBV ကြောင့်ဖြစ်ပေါ်လာခဲ့သော အမျိုးသမီးများနှင့်အမျိုးသားများ၏လိင်အင်္ဂါ နှင့် ဒုတိယလိင်အင်္ဂါများ (လိင်နှင့်ဆက်စပ်သောအင်္ဂါအစိတ်အပိုင်းများ)တွင် ဖြစ်ပေါ်သော ပြင်းထန်သောရုပ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာများသည် ၎င်းတို့၏ လိင်ဆက်ဆံမှုနှင့်မျိုးပွါးနိုင်စွမ်းအပေါ်တွင် ပြင်းထန်စွာသက်ရောက်မှုရှိပါသည်။ LAWအဖွဲ့မှ အင်တာဗျူးမေးခဲ့သော ရှင်သန်ကျန်ရစ်သူ ၃၀ ဦးအနက် ၂၂ ဦးသည် ၎င်းတို့ကြုံတွေ့ခဲ့ရသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကြောင့် ၎င်းတို့၏မျိုးပွားအင်္ဂါများကို ဒဏ်ရာပြင်းထန်စွာရစေခဲ့ကာ လိင်ဆက်ဆံနိုင်မှုနှင့် ကိုယ်ဝန်ရနိုင်မှုတို့ကို ထိခိုက်စေခဲ့ကြောင်း ဖော်ပြခဲ့ပါသည်။ အင်တာဗျူးတွေ့ဆုံမေးမြန်းခဲ့သည့် ရှင်သန်ကျန်ရစ်သူ ၃၀ တွင် ၁၁ ဦးသည် ၎င်းတို့၏ လိင်အင်္ဂါ သို့မဟုတ် ဒုတိယလိင်အင်္ဂါအစိတ်အပိုင်းများတွင် ဒဏ်ရာရခြင်း၏ရလဒ်အဖြစ် ဆက်လက်ဖြစ်ပေါ်နေသော နာတာရှည်နာကျင်မှုကိုခံစားနေရကြောင်း ဖော်ပြခဲ့ကြသည်။ ယင်းတို့အနက်မှ ရှင်သန်ကျန်ရစ်သူ ၆ ဦးကမူ ထိုနာကျင်မှုသည် အလွန်ပြင်းထန်သောကြောင့် ၎င်းတို့၏ အိမ်ထောင်ဖက်များနှင့် လိင်ဆက်ဆံခြင်းကို တားဆီးစေသည်အထိ ဖြစ်ပေါ်ကြောင်းပြောဆိုခဲ့ကြသည်။ တွေ့ဆုံမေးမြန်းခဲ့သည့် အမျိုးသမီး ၂၂ ဦးအနက် ၃ ဦးသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကြောင့် ဖြစ်ပေါ်လာသော ၎င်းတို့၏အမျိုးသမီးလိင်အင်္ဂါရှိ ဒဏ်ရာများကြောင့် အန္တရာယ်ကင်းစွာ ကလေးမွေးဖွားနိုင်ရေးအတွက် ခက်ခဲစွာရုန်းကန်ခဲ့ရသည်ဟု ဆိုသည်။

**၄.၂.၂၊ ကလေးမွေးဖွားခြင်းကိုတားဆီးစေသည့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာများ-** SGBV ကြောင့်ဖြစ်ပေါ်လာသော ပြင်းထန်သောစိတ်ပိုင်းဆိုင်ရာထိခိုက်ဒဏ်ရာများသည် ရှင်သန်ကျန်ရစ်သူရိုဟင်ဂျာ အမျိုးသားနှင့်အမျိုးသမီးများအပေါ်တွင် ၎င်းတို့၏ လိင်မှုဆိုင်ရာဆက်ဆံရေးများ ဆောင်ရွက်ရန် စွမ်းရည်နှင့် စိတ်ဆန္ဒ တို့အပေါ် သက်ရောက်မှုများလည်း ရှိခဲ့သည်။ ရိုဟင်ဂျာအမျိုးသားများသည် လိင်မှုဆိုင်ရာဆက်ဆံရေးများအပေါ် သက်ရောက်မှုရှိသော SGBV၏ရလဒ်ကြောင့် အရှက်ရခြင်း၊ ယောကျာ်းမပီသဖြစ်သည်ဟုခံစားလာရခြင်း၊ ယောကျာ်းပီသမှုပျောက်ဆုံးသွားရခြင်းတို့ကို ကြီးမားစွာခံစားရကြောင်း ဖော်ပြခဲ့ကြသည်။ ရိုဟင်ဂျာ အမျိုးသမီးများသည်လည်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှုကြောင့် ရရှိသော ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုများမှဖြစ်သည့် နာကျင်မှုများ၊ စိတ်ဒဏ်ရာများ (psychological trauma) သည် ရိုဟင်ဂျာများစွာတို့၏ မျိုးဆက်ပွားဆက်ဆံရေးကို တည်ဆောက်ရန်၊ အိမ်ထောင်ဖက်နှင့် ကလေးယူရန် အတွက် စိတ်ပိုင်းဆိုင်ရာဆန္ဒကို ပျက်စီးစေခဲ့ကြောင်း ဖော်ပြခဲ့ကြသည်။

မှတ်ချက်- ရိုဟင်ဂျာအမျိုးသားများအပေါ် ပြုကျင့်သော SGBVလုပ်ရပ်များသည် မြန်မာစစ်တပ်အား စွပ်စွဲထားသည့် ကလေးမွေးဖွားခြင်းကိုတားဆီးလိုသောရည်ရွယ်ချက်ရှိသည်ဟု IIFFMMက အတိအလင်း ချိတ်ဆက်ဖော်ပြထားခြင်း မရှိသော်လည်း ဤသုတေသနမှ တသမတ်တည်းသောတွေ့ရှိချက်များအရ SGBV သည် ရှင်သန်ကျန်ရစ်သူအမျိုးသားများအပေါ်တွင်လည်း ထိုကဲ့သို့ သက်ရောက်မှုရှိကြောင်း ဖော်ပြပါသည်။ LAWအဖွဲ့၏ သုတေသနပြုချက်သည် လူမျိုးတုံးသတ်ဖြတ်ခြင်းဆိုင်ရာ SGBVနှင့် ပတ်သက်၍ ဂျဲန်ဒါဆိုင်ရာ ကျယ်ပြန့်နှံ့စပ်သော နားလည်မှုကို ခိုင်လုံမှုတစွာ ထပ်ဆင့်ပြသခဲ့သည်။

**၄.၂.၃၊ မိသားစုအချင်းချင်းကြားဆက်ဆံရေးနှင့် မျိုးရိုးဖွဲ့စည်းပုံပျက်ဆီးသွားခြင်း-** ရိုဟင်ဂျာ အမျိုးသမီးများကို အတင်းအကျပ် ကိုယ်ဝန်ရှိစေခြင်းဖြင့် မြန်မာစစ်တပ်က ထိုအမျိုးသမီးများနှင့် မိန်းကလေးငယ်များကို 'စွန်းထင်းသွားခြင်း'၊'မသန့်စင်တော့ခြင်း' နှင့် 'ညစ်ညမ်းခြင်း' ကဲ့သို့သော အမှတ်အသားဖြစ်စေကာ ထိုအမျိုးသမီးများ

နောက်ထပ်အိမ်ထောင်ပြုရန်အတွက် လူမှုအသိုင်းအဝိုင်း၏ ထောက်ခံအားပေးမှုကို ထိခိုက်ပျက်စီးစေပါသည်။ ရှင်သန်ကျန်ရစ်သော ရိုဟင်ဂျာအမျိုးသမီးများကို ၎င်းတို့၏ ခင်ပွန်းနှင့်ယောက္ခမများက မကြာခဏငြင်းပယ်ခဲ့ကြသည်။ ဤလူထုအသိုင်းအဝိုင်းကြား ငြင်းပယ်မှုသည် ၎င်းတို့၏ခင်ပွန်းများနှင့် ထပ်ပွါးမိသားစုယူနစ်တို့ထံမှ အိမ်တွင်းအကြမ်းဖက်မှုနှုန်း များပြားလာခြင်းကို ဖြစ်ပေါ်စေပြီး ၎င်းအမျိုးသမီးများကို လူမှုအသိုင်းအဝိုင်းမဟာမိတ်များမှ ပြန်လည်ကူညီထူထောင်ပေးခြင်းမှ တားမြစ်ထားစေခဲ့ပါသည်။ ရှင်သန်ကျန်ရစ်သူအမျိုးသမီးများသည် ၎င်းတို့၏ izzot (လူမှုဂုဏ်သိက္ခာ) ဆုံးရှုံးခြင်းကြောင့် 'လူမှုရေးအရ သေဆုံးခြင်း' ဟူသည့် အခြေအနေတွင် ရှိနေရသည်ဟု ဖော်ပြခဲ့ကြသည်။ ၎င်းတို့သည် မိမိ၏ခန္ဓာကိုယ်ထဲတွင်သာ ပိတ်မိနေကြပြီး ၎င်းတို့၏ လူမှုအသိုက်အဝန်းအတွင်း နေထိုင်နိုင်ခြင်း မရှိကြောင်း ဖော်ပြကြသည်။ အများစုက ၎င်းတို့၏ တစ်ခုတည်းသော လွတ်မြောက်ရာအဖြစ် မိမိကိုယ်ကို သတ်သေရန် တွေးတောနေကြသည် ။

ရှင်သန်ကျန်ရစ်သူ အမျိုးသမီးများသည် ၎င်းတို့၏ခင်ပွန်းများ သေဆုံးသွားခြင်း၊ ပျောက်ကွယ်သွားခြင်း သို့မဟုတ် ခင်ပွန်းမှစွန့်ပစ်သွားပါက ပြန်လည်လက်ထပ်မှုမပြုနိုင်ခြင်းနှင့် မိသားစုတခု ပြန်လည်ဖန်တီးနိုင်မှုမရှိခြင်းတို့ကို ဖော်ပြကာ ဤကဲ့သို့ အိမ်ထောင်မပြုနိုင်ရတော့ခြင်းသည် မကြာခဏဆိုသလို မိခင်၏လူမှုဂုဏ်သိက္ခာ (izzot)ဆုံးရှုံးသွားခြင်းကို ဝေမျှခံစားရသော သားသမီးများထံသို့ပါ မကြာခဏ လက်ဆင့်ကမ်းသွားတတ်ကြောင်း ဖော်ပြခဲ့သည်။ နောက်တကြိမ်အိမ်ထောင်ပြုသူများသည်ပင် အမျိုးသမီး၏ 'အဓမ္မပြုကျင့်ခံရသောအမျိုးသမီး' ဟူသည့် အဆင့်အတန်းကြောင့် ၎င်းတို့၏ ဒုတိယခင်ပွန်းသည်ထံမှ စွန့်ပစ်ခံရပြီး ရှင်သန်ကျန်ရစ်သူများနှင့် ၎င်းတို့၏ သားသမီးများကို အထီးကျန် သီးသန့်ဖြစ်စေခဲ့ကြသည်။ ယင်းကိစ္စကြောင့် အကွဲကွဲအပြားပြားဖြစ်သွားသော အိမ်ထောင်စုများကို ဖြစ်ပေါ်စေပြီး ၎င်းတို့၏ သားသမီးများနှင့်အတူ တစ်ကိုယ်တည်းနေထိုင်ရကာ တစ်ကိုယ်ရည်အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု (single women headed households)အရေအတွက်သည်လည်း တိုးလာခဲ့သည်။

## ၄.၂.၄၊ ရုပ်ပိုင်းဆိုင်ရာနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ သက်ရောက်မှုများပါဝင်သော ကျယ်ပြန့်သောSGBVသည် ရိုဟင်ဂျာကိစ္စရပ်တွင် ကလေးမွေးဖွားခြင်းကို တားဆီးရန် ရည်ရွယ်သည့် အစီအမံများအနေဖြင့် ပါဝင်ပါသည်။

*အခါရဲစု(Akayesu)*နှင့် နောက်ဆက်တွဲ ICTRကိစ္စရပ်များက အုပ်စုအတွင်း ကလေးမွေးဖွားခြင်းကို တားဆီးသည့်အစီအမံတို့တွင် လိင်အင်္ဂါကိုဖြတ်တောက်ဖျက်စီးခြင်း၊ အတင်းအကြပ် သန္ဓေတားစေခြင်း၊ လိင်ခွဲခြားခြင်း၊ အိမ်ထောင်ပြုခြင်းကိုတားမြစ်ခြင်း၊ **အမျိုးသမီးတစ်ဦးကို အုပ်စုဝင် အထောက်အထား လက္ခဏာ ပျောက်ကွယ်စေရန် နှင့်မွေးဖွားမှုပြုလုပ်ရန် ဝန်လေးစေသော စိတ်ဒဏ်ရာတို့ဖြစ်စေရန် သားမယားပြုကျင့်၍ ကိုယ်ဝန်ရစေခြင်း** စသည့်အပြုအမူများ ပါဝင်နိုင်သည်ဟု အတည်ပြုခဲ့သည်။ ဆီးရီးယားစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့(COI)နှင့် ICTR ၂ရပ်လုံးတို့က ဆုံးဖြတ်ခဲ့ကြသည်မှာ **ရှင်သန်ကျန်ရစ်သူများသည် စိတ်ဒဏ်ရာများလွန်း၍ လိင်သဘောတရားပါဝင်သော ပတ်သက်ဆက်ဆံရေးများတွင် ပါဝင်ပတ်သက်ရန် စိုးရိမ်ပူပန်မှုများရှိနေပါက** ထိုSGBVသည် ကလေးမွေးဖွားခြင်းကို တားဆီးရန်ရည်ရွယ်သော အစီအမံတစ်ခုအဖြစ် သဘော သက်ရောက်သွားနိုင်မည် ဖြစ်သည် ဟု ဆုံးဖြတ်ခဲ့ကြသည်။

တွေ့ရှိချက်များက ရှင်းလင်းစွာဖော်ပြသည်မှာ ရိုဟင်ဂျာအရပ်သားများအပေါ် မြန်မာစစ်တပ်က မုဒိမ်းမှု၊ အုပ်စုဖွဲ့အဓမ္မပြုကျင့်မှု၊ လိင်အင်္ဂါကိုဖြတ်တောက်ဖျက်စီးခြင်း၊ အတင်းအကြပ်ဖော်ချွတ်ပြသစေခြင်း နှင့် အခြားသောလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ပါဝင်သည့်SGBVကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်းသည် ရိုဟင်ဂျာအုပ်စုအတွင်း ကလေးမွေးဖွားခြင်းကို တားဆီးရန်ရည်ရွယ်သည့် အစီအမံများဖြစ်ပြီး အပြည်ပြည်ဆိုင်ရာဥပဒေအရ တရားဝင်သတ်မှတ်ချက်များနှင့် ပြည့်မီကြောင်း ဖော်ပြခဲ့သည်။ ၎င်းတို့မှာ

- **ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရမှု** ၏ အတိုင်းအတာသည် ရိုဟင်ဂျာ ရှင်သန်ကျန်ရစ်သူများ၏ လိင်သဘောတရားပါဝင်သောပတ်သက်ဆက်ဆံရေး၊ လိင်ဆက်ဆံခြင်း၊ ကိုယ်ဝန်ဆောင်နိုင်ခြင်းနှင့် ဘေးကင်းလုံခြုံစွာကလေးမွေးဖွားနိုင်မှုတို့ကို ထိခိုက်စေခဲ့သည်။
- 'နယ်မြေရှင်းလင်းရေး'ကိစ္စများအတွင်း **အမျိုးသားများကိုပစ်မှတ်ထားကာ သတ်ဖြတ်ခြင်းနှင့် ပျောက်ဆုံးစေခြင်းများ**သည် အနာဂတ် လူမှုအသိုင်းအဝိုင်းမဟာမိတ်များနှင့် မျိုးရိုးဖွဲ့စည်းပုံအပေါ် သက်ရောက်မှု တစ်ခုရှိစေသည်။
- မုဒိမ်းမှုမှ ရှင်သန်ကျန်ရစ်သူ အမျိုးသမီးများသည် လူမှုအသိုင်းအဝိုင်းအတွင်း ၎င်းတို့၏လူမှုရေးဂုဏ်သိက္ခာ (izzot) ဆုံးရှုံးသွားကာ မကြာခဏဆိုသလို ၎င်းတို့၏ခင်ပွန်းများ၏ စွန့်ပစ်ခံရပြီး အမျိုးသားဖက်မှ မိသားစုနှင့်ကျယ်ပြန့်သောအသိုင်းအဝိုင်းမှ ဖယ်ကျဉ်ခြင်းကိုခံခဲ့ရသည်။ ၎င်းအမျိုးသမီးတို့သည် **နောက်တဖန်ပြန်လည်လက်ထပ်ရန်နှင့် မျိုးဆက်ပြန်လည်မွေးဖွားနိုင်သည့် လူမှုအသိုင်းအဝိုင်းမဟာမိတ်အသစ်များ ဖွဲ့စည်းရန် အခက်အခဲများ ရင်ဆိုင်ကြရသည်။**
- ရိုဟင်ဂျာအမျိုးသမီးများအား အတင်းအဓမ္မ မုဒိမ်းကျင့်ခြင်းနှင့်/သို့မဟုတ် ကိုယ်ဝန်ရှိစေခြင်း၊ ကိုယ်ဝန်ရှိနေစဉ် မုဒိမ်းကျင့်ခြင်း၊ ထိုမှတဆင့် နောက်ဆက်တွဲရလဒ်အဖြစ် မွေးဖွားလာသော ကလေးများကို ကျယ်ပြန့်သောလူမှုအသိုင်းအဝန်းက ရိုဟင်ဂျာဟုမသတ်မှတ်နိုင်ကြခြင်းတို့သည် **မျိုးရိုးစဉ်ဆက်များစွာကို သက်ရောက်မှု** ဖြစ်စေပြီး အိမ်ထောင်မပြုနိုင်စေခြင်း၊ အနာဂတ် ရိုဟင်ဂျာမျိုးရိုးကို ပြန်လည်ပုံဖော်မှုမပြုနိုင်ခြင်းနှင့် ရိုဟင်ဂျာမျိုးဆက်ကိုကန့်သတ်ခြင်းများ ပါဝင်သော သက်ရောက်မှုကိုဖြစ်ပေါ်စေပါသည်။

**ဘုံအခြေခံလက္ခဏာ ၂ - ထိုပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များသည် သီးခြား နိုင်ငံသား၊ လူမျိုး၊ မျိုးနွယ်စု၊ သို့မဟုတ် ဘာသာရေးအုပ်စု တစ်စုတွင် ပါဝင်သက်ဆိုင်သည်။**

၂၀၁၇ အကြမ်းဖက်မှုအတွင်း ပစ်မှတ်ထားခံခဲ့ရသူများသည် (ရိုဟင်ဂျာ) လူမျိုးစု နှင့် (မွတ်စလင်) ဘာသာရေးအုပ်စု၏ အုပ်စုဝင်များဖြစ်ပြီး ၎င်းတို့၏ ၂ခုရောယှက်နေသည့် လူမျိုးစုနှင့် ဘာသာရေး ဝိသေသလက္ခဏာများအတွက် ပစ်မှတ်ထားခံရခြင်း ဖြစ်သည်ဟု ကောင်းစွာ မှတ်တမ်းတင်ထားပါသည်။ ဤသုတေသနအတွက် စုဆောင်းရရှိထားသည့် အထောက်အထားများအရ လွတ်မြောက်လာသူများသည် ထိုအုပ်စု၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ယင်းအုပ်စုဝင်ဖြစ်ခြင်းကြောင့် မြန်မာစစ်တပ်က ပစ်မှတ်ထားခဲ့ခြင်းဖြစ်ကြောင်းကို ရှင်းရှင်းလင်းလင်း ပြသထားပါသည်။

**ဘုံအခြေခံလက္ခဏာ ၄/၅- အပြုအမူသည် ထိုအုပ်စုကို ဆန့်ကျင်သောအလားတူအပြုအမူ၏ ထင်ရှားသောပုံစံတစ်ခုဖြင့် ဖြစ်ပျက်ခဲ့သည် သို့မဟုတ် ယင်းကဲ့သို့ပျက်စီးခြင်းဖြစ်စေရန် ၎င်းကိုယ်တိုင် အကျိုးသက်ရောက်စေနိုင်သည့် အပြုအမူဖြစ်သည်။**

ဤအခြေခံသတ်မှတ်ချက်သည် အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံး(ICC)၏ ရာဇဝတ်မှုဆိုင်ရာ သတ်မှတ်ချက်များတွင်သာပါရှိပြီး ဓလေ့ထုံးတမ်းဆိုင်ရာ နိုင်ငံတကာဥပဒေ၏ လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ အဓိပ္ပါယ်ဖွင့်ဆိုချက်တွင်လည်းကောင်း(သို့မဟုတ်)အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)တွင်လည်းကောင်း၊ ယခင်ယူဂိုစလားဗီးယားနိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး(ICTY)တွင်လည်းကောင်း (သို့မဟုတ်)ရဝမ်ဒါနိုင်ငံဆိုင်ရာ အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံး(ICTR)တို့တွင်လည်းကောင်း ကျင့်သုံးသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်များတွင်မှ မပါဝင်ပါ။ မည်သို့ပင်ဆိုစေကာမူ ၎င်းသည် ဤရိုဟင်ဂျာအခြေအနေတွင် လိုက်လျောညီထွေဖြစ်သည်ဟု ယုံကြည်ရန် ရှင်းလင်းသော အကြောင်းပြချက်များ ရှိပါသည်။ ၂၀၁၇ ခုနှစ် 'နယ်မြေရှင်းလင်းရေးများ' အတွင်း ရိုဟင်ဂျာ အမျိုးသား၊ အမျိုးသမီးများနှင့် ဟစ်ဂျရာများအပေါ် ကျူးလွန်ခဲ့သော SGBV အကြမ်းဖက်မှုလုပ်ရပ်များသည် ရိုဟင်ဂျာလူဦးရေအပေါ် လူမျိုးတုံးသတ်ဖြတ်ရေးလှုပ်ရှားမှု၏ ကျယ်ပြန့်သောအစိတ်အပိုင်းတခုဖြစ်ပြီး အနည်းဆုံး လူ ၁၀,၀၀၀ သေဆုံးစေကာ ရွာလုံးကျွတ်မီးရှို့ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်းနှင့် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အနည်းဆုံး ဒုက္ခသည် ၇၂၀,၀၀၀ ကို အစုလိုက်အပြုံလိုက် နှင်ထုတ်ခြင်း (ယနေ့အထိတိုင် ရိုဟင်ဂျာများ အများဆုံး နေရာရွှေ့ပြောင်းကြခြင်း)ကို ဖြစ်ပေါ်စေခဲ့သည်။ ၂၀၁၇ ခုနှစ် အကြမ်းဖက်မှုသည် လစ်ဟာမှုများဖြစ်ရာမှ ပေါ်ပေါက်လာခြင်းမျိုးမဟုတ်ဘဲ မြန်မာနိုင်ငံရှိရိုဟင်ဂျာများကို ၎င်းတို့၏ လူမျိုးစုနှင့်ဘာသာရေးအပေါ် အခြေခံ၍ ပစ်မှတ်ထားခဲ့ကြသည့် ဆယ်စုနှစ်များစွာကတည်းက ကောင်းစွာ မှတ်တမ်းတင်ထားခဲ့သော ဖိနှိပ်မှုနှင့်အကြမ်းဖက်မှုတို့၏ အထွတ်အထိပ်ပင် ဖြစ်ပါသည်။ SGBV အကြမ်းဖက်မှုသည် ၂၀၁၇ အကြမ်းဖက်မှုအတွင်းတွင် ရိုဟင်ဂျာများအပေါ် ဦးတည်သည့် ပိုမိုကြီးမားသော အကြမ်းဖက်မှုပုံစံ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်း၊ နိုင်ငံတွင်းမှ နှင်ထုတ်ခြင်း၊ အတင်းအကျပ် ရွှေ့ပြောင်းခြင်း၊ ပစ္စည်းဥစ္စာများ ဖျက်ဆီးခြင်း နှင့် အခြားရာဇဝတ်မှုများလည်း ပါဝင်ပါသည်။

## ၄.၃။ ပြစ်မှုကျူးလွန်သူသည် အုပ်စု တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအား ဖျက်ဆီးပစ်ရန် ရည်ရွယ်သည်။ (ဘုံအခြေခံလက္ခဏာ ၃)

ICC ၏ ရာဇဝတ်မှုများ၏ အခြေခံလက္ခဏာများ အပိုဒ် ၆ အရ၊ လူမျိုးတုံးသတ်ဖြတ်မှု ရာဇဝတ်မှုသည် "နိုင်ငံသား၊ လူမျိုး၊ မျိုးနွယ်စု၊ သို့မဟုတ် ဘာသာရေးအုပ်စု တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအား ဖျက်ဆီးပစ်ရန်" ရည်ရွယ်ချက်ဖြင့် ကျူးလွန်ရမည်။ သမိုင်းကြောင်းအရ၊ ဖျက်ဆီးရန် ရည်ရွယ်ချက်ကို ကျူးလွန်ခဲ့သည့် ရက်စက်ကြမ်းကြုတ်မှုများ၏ အတိုင်းအတာနှင့် သဘောသဘာဝအရ အုပ်စုအား ရုပ်ပိုင်းဆိုင်ရာ ပစ်မှတ်ထားမှု၊ ၎င်းတို့အပေါ် ညစ်ညမ်းသော ဘာသာစကားအသုံးပြုမှု၊ နှင့် ၎င်းတို့အား အကြမ်းဖက်ရန် နည်းလမ်းတကျ စီစဉ်ခြင်း အပါအဝင် ကျူးလွန်သူများ၏ အပြုအမူဖြင့် ကောက်ချက်ချထားသည်။

**၄.၃.၁။ ၂၀၁၇ ခုနှစ်အတွင်း ရိုဟင်ဂျာများကို တိုက်ခိုက်မှုများအတွင်း ကျူးလွန်ခဲ့သော SGBV သည် ရိုဟင်ဂျာလူမျိုးအုပ်စုကို ချေမှုန်းရန် ပိုမိုကြီးမားသော သမိုင်းဝင်အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။** လူမျိုးတုံးသတ်ဖြတ်ရန် ရည်ရွယ်ချက်ကို ပစ်မှတ်ထားသည့်အုပ်စုအပေါ် ဆန့်ကျင်သည့် ပိုမိုကြီးမားသော အစီအမံတစ်ခုရှိနေခြင်းဖြင့် သိရှိနိုင်သည်။ ၂၀၁၇ ခုနှစ် တိုက်ခိုက်မှုအတွင်း ရိုဟင်ဂျာ အမျိုးသား၊ အမျိုးသမီးများ၊ မိန်းကလေးများနှင့် *ဟစ်ဂျရာ* များအပေါ် မြန်မာစစ်တပ်က ကျူးလွန်သည့် SGBV သည် ထိုအချိန်က အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မတရားဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ပိုင်ဆိုင်မှုများကို ဖျက်ဆီးခြင်းစသည့် ကျယ်ပြန့်သောလှုပ်ရှားမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။
ထို့အပြင် 'နယ်မြေရှင်းလင်းရေး' မတိုင်မီ နှစ်များအတွင်း မြန်မာနိုင်ငံသည် ရိုဟင်ဂျာလူမျိုးများအကြား အလွန်အမင်း ပြင်းထန်သောအကြောက်တရား ဖုံးလွှမ်းနေသည့် ပတ်ဝန်းကျင်ကို ထူထောင်ထားပြီး ရိုဟင်ဂျာ ဆန့်ကျင်ရေး လှုံ့ဆော်မှုများနှင့် ရိုဟင်ဂျာလူမျိုးများကို 'ဘင်္ဂါလီ' အဖြစ် ခွဲခြားသတ်မှတ်ခြင်းကို တွန်းအားပေးရန် ရေးဆွဲထားသည့် နိုင်ငံတော်၏ ဥပဒေနှင့် မူဝါဒများ၊ (၂၀၁၂ ခုနှစ်တွင် နိုင်ငံသားစိစစ်ရေးကတ်၏ အစပျိုးမှုမှတစ်ဆင့်)၊ နှင့် ၎င်းတို့၏ လွတ်လပ်ခွင့်များကို ပြင်းထန်စွာ ကန့်သတ်ထားမှုများ ဖြင့်လုပ်ဆောင်ခဲ့ပါသည်။

**၄.၃.၂။ ၂၀၁၇ ခုနှစ်အတွင်း ရိုဟင်ဂျာများကို တိုက်ခိုက်မှုများအတွင်း ကျူးလွန်ခဲ့သော SGBV သည် ရိုဟင်ဂျာလူဦးရေတိုးပွားမှုကို ထိန်းချုပ်ရန် မြန်မာအာဏာပိုင်များက ရှင်းလင်းပြတ်သားစွာ ကြိုတင်ပြင်ဆင်ထားသော အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။** မြန်မာအာဏာပိုင်များသည် ဆယ်စုနှစ်များစွာကြာ ရိုဟင်ဂျာလူမျိုးအတွင်း ကလေးမွေးဖွားမှုများသည် အထိန်းအကွပ်မဲ့ နေသည်ဆိုသည့် ဇာတ်ကြောင်းကို ဖြန့်ဝေက ၎င်းက နိုင်ငံတော်ဖြစ်တည်ရှင်သန်မှုကို ခြိမ်းခြောက်မှုတစ်ခုဖြစ်သည်ဟူ၍ ဖြန့်ဝေခဲ့သည်။ ရိုဟင်ဂျာလူမျိုးများသည် ၎င်းတို့၏ မျိုးဆက်ပွားခွင့် အခွင့်အရေးများဆိုင်ရာ ကန့်သတ်ချက်များဖြစ်သည့် အိမ်ထောင်ရေး/လက်ထပ်ထိမ်းမြားရန် ကန့်သတ်ချက်များ၊ ကလေးမွေးဖွားမှု အရေအတွက်နှင့် ကလေးတစ်ယောက်နှင့် တစ်ယောက်ကြား နှစ်အပိုင်းအခြား နှင့် ထိမ်းမြားလက်ထပ်ခြင်းဆိုင်ရာ ခွင့်ပြုချက်ပေးခြင်း လုပ်ထုံးလုပ်နည်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် သန္ဓေတားဆေးကို အတင်းအကြပ် အသုံးပြုခိုင်းခြင်း ကဲ့သို့သော ကန့်သတ်ချက်များကို နေ့စဉ်နှင့်အမျှ ရင်ဆိုင်နေကြရသည်။

**၄.၃.၃။ မြန်မာစစ်တပ်၏ လုပ်ရပ်နှင့် သက်ရောက်မှုမှာ ကြိုတင်မြင်နိုင်ပြီး တမင်ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်ခြင်းဖြစ်သည်။**

ရိုဟင်ဂျာလူမျိုးများ၏ ယဉ်ကျေးမှု နှင့် လူ့အဖွဲ့အစည်းဆိုင်ရာ အသိပညာဗဟုသုတ ကိုစကတည်းက သိရှိနားလည်ထားပြီး သာမာန်ဖြစ်ရပ်များတွင်ပင် အပြည့်အဝ သိရှိနားလည်ထားသည့် မြန်မာစစ်တပ်သည်၊ ၎င်းတို့၏ SGBV လုပ်ရပ်များကြောင့် ထိုအုပ်စုအတွင်း ဆိုးရွားသော အနုတ်သဘောဆောင်သည့် လူမှုရေး နှင့် မျိုးဆက်ပွားမှု ဆိုင်ရာ နောက်ဆက်တွဲ သက်ရောက်မှု များ ဖြစ်ပေါ်စေနိုင်မည်ကို အပြည့်အဝ သိရှိနားလည်ထားခဲ့ပါသည်။ ထို့အပြင် မြန်မာစစ်တပ်၏ ရာထူးအထက်အောက်၊ ကြီးစဉ်ငယ်လိုက်ဖြစ်မှု နှင့် ဗျူရိုကရေစီ ဖွဲ့စည်းပုံကို နက်နက်နဲနဲ ထောက်ချင့်ရသော် ရိုဟင်ဂျာလူမျိုးများ အပေါ်ကျူးလွန်သည့် SGBV သည် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ ဖျက်ဆီးမှုများ ဆောင်ကြဉ်းလာစေရန်

ရည်ရွယ်ချက်ဖြင့် တရားဝင်ကွပ်ကဲမှု ဖွဲ့စည်းပုံ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ထိန်းချုပ်ကြီးကြပ်သည်ဟု ယုံကြည်ရန် ကျိုးကြောင်းဆီလျော်သောအကြောင်းရင်းရှိပါသည်။

- **ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရစေမှုများဖြင့် ရုပ်ပိုင်းဆိုင်ရာ နှင့်/သို့မဟုတ် ဇီဝဗေဒဆိုင်ရာအရ ရိုဟင်ဂျာအုပ်စုအား ဖျက်ဆီးရန် စီစဉ်ခြင်း။**

၂၀၁၇ ခုနှစ်တွင် မြန်မာစစ်တပ်မှ ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့် SGBV ၏ အတိုင်းအတာနှင့် ရက်စက်ကြမ်းကြုတ်မှုသည် မကြုံစဖူးဖြစ်ပြီး ရိုဟင်ဂျာလူ့အဖွဲ့အစည်းအား ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရစေမှုများဖြင့် ရုပ်ပိုင်းဆိုင်ရာ နှင့်/သို့မဟုတ် ဇီဝဗေဒဆိုင်ရာအရ ဖျက်ဆီးရန် ပိုမိုကျယ်ပြန့်သော အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည် (အထက်တွင်ဖော်ပြထားသည့် အပိုင်း ၄.၁.၁. နှင့် ၄.၁.၂ ကို ကြည့်ပါ။)
မြန်မာစစ်တပ်၏ SGBV ကျူးလွန်မှုသည် ရိုဟင်ဂျာအမျိုးသမီးများ၊ မိန်းကလေးများ၊ အမျိုးသားများနှင့် ဟစ်ဂျရာများကို ရုပ်ပိုင်းဆိုင်ရာအရ ဖြတ်တောက်ဖျက်စီးထားကာ မျိုးဆက်ပွားနိုင်ခြင်းမရှိခြင်း သို့မဟုတ် ရိုဟင်ဂျာလူ့အဖွဲ့အစည်းမှ လက်ခံသည့် တိုင်အောင် စိတ်ဒဏ်ရာ/ထိခိုက်ဒဏ်ရာကြောင့် ၎င်းတို့အနေဖြင့် ကလေးယူရန်၊ လိင်ပိုင်းဆိုင်ရာ ဆက်ဆံရေးတည်ဆောက်ရန် စဉ်းစားနိုင်ခြင်း မရှိတော့ခြင်း ဖြင့် ရိုဟင်ဂျာလူ့အဖွဲ့အစည်းကို ဇီဝဗေဒဆိုင်ရာအရ ဖျက်ဆီးမှုဖြစ်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။

- **မိသားစု ဖွဲ့စည်းပုံများ ဖျက်ဆီးခြင်း နှင့် ရိုဟင်ဂျာ အုပ်စုများ ဆက်လက် တည်ရှိနေခြင်းကို တားဆီးခြင်း အားဖြင့် ရုပ်ပိုင်းဆိုင်ရာ နှင့်/သို့မဟုတ် ဇီဝဗေဒဆိုင်ရာအရ ရိုဟင်ဂျာအုပ်စုအား ဖျက်ဆီးရန် စီစဉ်ခြင်း။**

မြန်စစ်တပ်က ရိုဟင်ဂျာအမျိုးသမီးများကို စနစ်တကျ မုဒိမ်းကျင့်ပြီး တမင်တကာ ရည်ရွယ်ချက်ရှိရှိ ကိုယ်ဝန်ရရှိစေခြင်းဖြင့် ၎င်းတို့အား ပျက်စီးသွားသည့် အဖွဲ့ဟု အမှတ်အသားပြုခံရခြင်းကြောင့် (သူတို့၏ သားသမီးများအထိပါဆက်လက် အမှတ်အသားပြုခံရနိုင်သည်) ဘိုးဘေးဘီဘင်လူ့အဖွဲ့အစည်းတွင် ပြန်လည်လက်ထပ်ရန်နှင့် ကလေးမွေးဖွားရန် မဖြစ်နိုင်တော့ခြင်းမှာ လူဦးရေစာရင်းကို သိသာထင်ရှားစွာ ပြောင်းလဲရန်နှင့် နောက်ဆုံးတွင် ရိုဟင်ဂျာလူဦးရေကို ဇီဝဗေဒဆိုင်ရာအရ ဖျက်ဆီးရန် မြန်မာစစ်တပ်၏ ရည်ရွယ်ချက်ကို သက်သေပြပါသည်။
(အထက်တွင်ဖော်ပြထားသည့် အပိုင်း ၄.၂.၂ နှင့် ၄.၂.၃ ကို ကြည့်ပါ။)

## ၅။ နိဂုံး

LAW အဖွဲ့မှ ရိုဟင်ဂျာအသိုက်အဝန်းအပေါ် SGBV ၏ရေရှည်အကျိုးသက်ရောက်မှုများသည် SGBV အနေဖြင့် လူမျိုးတုံးသတ်ဖြတ်မှုတွင် ပါဝင်သည်ဆိုသည်နှင့် SGBV ကိုယ်တိုင် လူမျိုးတုံးသတ်ဖြတ်မှုဖြစ်သည်ကို ချမှတ်ရာတွင် အဆုံးအဖြတ်ပေးသည့်အချက်ဖြစ်နိုင်သည်ဆိုသည်ကို ဓမ္မဓိဋ္ဌာန်ကျကျ ဆုံးဖြတ်ရန် ဤ ၁၅ လကြာ သုတေသနကို စတင်ခဲ့သည်။

ဒီခွဲခြမ်းစိတ်ဖြာချက်များအရ ၂၀၁၇ ခုနှစ်အတွင်း လုပ်ဆောင်ခဲ့သည့် မြန်မာ့စစ်တပ်၏ အပြုအမူကို မြန်မာနိုင်ငံသည် ပါတီဝင်ဖြစ်နေသည့် လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ သဘောတူညီချက် Genocide Convention ၏ အပိုဒ် ၂ တွင် ဖော်ပြထားသည့်အတိုင်း လူမျိုးတုံးသတ်ဖြတ်မှုအဖြစ် တရားဝင်သတ်မှတ်နိုင်သည်ဟု ယုံကြည်ရန် ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်များကို LAW အဖွဲ့မှ တွေ့ရှိခဲ့သည်။၎င်း၏ရေရှည်ကျန်းမာရေး (ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ) နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများမှတဆင့် ရိုဟင်ဂျာများအပေါ် SGBV ကျူးလွန်ခြင်း သည် အောက်ပါလူမျိုးတုံးသတ်ဖြတ်ခြင်းဆိုင်ရာလုပ်ရပ်နှစ်ခု - အုပ်စုဝင်များအား ပြင်းထန်သော ခန္ဓာကိုယ် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဒဏ်ရာရစေမှု (လုပ်ရပ် ၂) နှင့် အုပ်စုအတွင်း ကလေးမွေးဖွားခြင်းကို တားဆီးရန် ရည်ရွယ်သည့် အစီအမံများ ချမှတ်ခြင်း (လုပ်ရပ် ၄) - တို့ ပါဝင်နေသည်ဟု LAW အဖွဲ့မှ ကောက်ချက်ချခဲ့ပါသည်။

ဆယ်စုနှစ်များစွာကြာ နိုင်ငံတော်မှ ကမကထပြုကာ ရိုဟင်ဂျာများအပေါ် နှိပ်စက်ညှဉ်းပန်းမှုနှင့် အကြမ်းဖက်မှုများကို နောက်ခံထားပြီး၊ ၂၀၁၇ ခုနှစ်တွင် ကျူးလွန်ခဲ့သော SGBV ၏ အတိုင်းအတာနှင့် ရက်စက်ကြမ်းကြုတ်မှုများတွင် မြန်မာစစ်တပ်၏ လုပ်ရပ်များ၏ အကျိုးသက်ရောက်မှုသည် ရိုဟင်ဂျာအုပ်စုအား ရုပ်ပိုင်းဆိုင်ရာနှင့်/သို့မဟုတ် ဇီဝဗေဒဆိုင်ရာအရ ဖျက်ဆီးရန် လူမျိုးတုံးသတ်ဖြတ်ရန် ရည်ရွယ်ချက်ဖြင့် ကြိုတင်ကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း LAW အဖွဲ့က ကောက်ချက်ချပါသည်။ ရိုဟင်ဂျာများအပေါ် မြန်မာစစ်တပ်၏ SGBV ကျူးလွန်မှု၏ ရေရှည်အကျိုးသက်ရောက်မှုများသည် ကျယ်ပြန့်ပြီး မျိုးဆက်များအကြား ရိုဟင်ဂျာလူ့အဖွဲ့အစည်း၏ ရပ်ရွာလူမှုရေးအခင်းအကျင်းနှင့် အနာဂတ်ဖြစ်တည်မှုဆိုင်ရာအမြင်ကို ခြိမ်းခြောက်လျက်ရှိသည်။ SGBV ရှင်သန်ကျန်ရစ်သူများနှင့် မုဒိမ်းမှုကျူးလွန်ခံရသူများမှ မွေးဖွားလာသော ကလေးငယ်များသည် ယနေ့ ထက်တိုင် ၎င်းတို့၏နေ့စဉ်ဘဝကဏ္ဍအသီးသီးတွင် ဆက်လက်ခံစားနေကြရသည်။
LAW အဖွဲ့မှ အဆိုပါ ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များကို ကျူးလွန်သူများအား အပြည်ပြည်ဆိုင်ရာ တရားရုံးများမှတစ်ဆင့် တရားမျှတမှုရှိစေရန်သာမက ယနေ့အထိ ဆက်လက်ခံစားနေကြရသော SGBV ၏ ရှင်သန်ကျန်ရစ်သူများနှင့် မျက်မြင်သက်သေများအတွက် သင့်လျော်သော စောင့်ရှောက်မှုနှင့် ပံ့ပိုးကူညီမှုများ ရရှိမှု သေချာစေရန်လည်း ကြိုးပမ်းလျက်ရှိသည်။ ဤအချက်အတွက် LAW အဖွဲ့သည် အဖွဲ့ဝင်နိုင်ငံများ၊ အလှူရှင်များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီများသို့ အောက်ပါအကြံပြုချက်များကို ပေးလိုပါသည်။

## ၆။ အကြံပြုချက်များ

## ၁။ ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုများတွင် အပါအဝင် ရိုဟင်ဂျာများအပေါ် လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှုကို မြန်မာနိုင်ငံက တာဝန်ယူတာဝန်ခံစေရန် ကြိုးပမ်းအားထုတ်မှုများအား အရေးတကြီး အရှိန်မြှင့်တင် ဆောင်ရွက်ရမည်ဖြစ်သည်။

- ဂမ်ဘီယာနှင့်မြန်မာအမှုတွဲတွင် အပြည်ပြည်ဆိုင်ရာတရားရုံး (**ICJ**)မှ ထုတ်ပြန်ထားသော ရိုဟင်ဂျာများအပေါ် မုဒိမ်းမှုကိုတားဆီးကာကွယ်ခြင်း (သို့မဟုတ်) ရိုဟင်ဂျာများအပေါ် အခြားသောလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံများကို တားဆီးကာကွယ်ခြင်း အပါအဝင် လူမျိုးတုံး သတ်ဖြတ်ခြင်းရာဇဝတ်မှုအား တားဆီးရေးနှင့်ပြစ်ဒဏ်ဆိုင်ရာ သဘောတူညီချက်ကို ကျင့်သုံးထားသည့် ယာယီမူဝါဒအစီအမံအားလုံးကို

ချက်ခြင်းဖြည့်ဆည်းပေးရန် မြန်မာနိုင်ငံအပေါ် အခြားသော နိုင်ငံများမှ တောင်းဆိုရမည်။ ယာယီမူဝါဒအစီအမံများနဲ့အညီ မြန်မာနိုင်ငံ၏ ကြားဖြတ် အစီရင်ခံတင်ပြခြင်းကို လူသိရှင်ကြားထုတ်ပြန်ပြီး လွတ်မြောက်လာသူများမှလည်း (ထိုအစီရင်ခံစာကို) လက်လှမ်းမှီစွာရရှိနိုင်ရမည်ဖြစ်ပါသည်။

- အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)ရှိ ဂမ်ဘီယာနှင့်မြန်မာအမှုတွဲတွင် နိုင်ငံများက ကြားဝင်ဆောင်ရွက်ပေးသင့်ပြီး အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုဆိုင်ရာဥပဒေတွင် တိုးတက်မှုများကို အားကောင်းစေကာ၊ လူမျိုးတုံးသတ်ဖြတ်မှုဆိုင်ရာ သဘောတူညီချက်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို နိုင်ငံများက ထောက်ခံပံ့ပိုးပေးရန်နှင့် ရိုဟင်ဂျာများအပေါ် စနစ်တကျ SGBV အကြမ်းဖက်မှုပြုခြင်းကို လူမျိုးတုံးသတ်ဖြတ်မှု၏ လုံလောက်သော အစိတ်အပိုင်းသတ်မှတ်ချက်များအဖြစ် ထည့်သွင်းပေးရန် နိုင်ငံများက တင်သွင်းပေးသင့်သည်။

- မြန်မာနိုင်ငံပိုင်နက်အတွင်း အလုံးစုံဖြစ်ပွားခဲ့သည့် SGBV နှင့် လူမျိုးတုံးသတ်ဖြတ်မှုတို့ပါဝင်သော ရိုဟင်ဂျာများအပေါ် နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာဥပဒေချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာရာဇဝတ်ခုံရုံး (**ICC**)သို့ ချက်ခြင်းလွှဲပြောင်းသင့်သည်။

- SGBV ကြောင့် ရှင်သန်ကျန်ရစ်သူများ၏ ရုပ်ပိုင်းဆိုင်ရာ၊ မျိုးဆက်ပွားမှုဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအပေါ် ရေရှည်နောက်ဆက်တွဲအကျိုးဆက်များမှတဆင့် ၎င်းတို့၏ဇီဝဗေဒအရ သွေးသားတော်စပ်မှုနှင့် မိသားစုယူနစ်ပျက်စီးစေခြင်း ရလဒ်များကြောင့် ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်ခြင်းဆိုင်ရာ ရာဇဝတ်မှုများတွင် တာဝန်ရှိသော မြန်မာစစ်တပ်နှင့်တကွ အရာရှိတစ်ဦးချင်းစီကို ထိန်းသိမ်းရန် တရားစွဲဆိုမှုဆိုင်ရာမည်သည့်ဗျူဟာတွင်မဆို SGBV သည် ဗဟိုချက် ဖြစ်သင့်သည်။

- နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာတရားစီရင်ပိုင်ခွင့် နှင့် နယ်စပ်ဖြတ်ကျော်တရားစီရင်ပိုင်ခွင့် အခြေခံမှုများကို အသုံးချသင့်ပြီး၊ အာဂျင်တီးနားနိုင်ငံ၏ ဦးဆောင်မှုကို လိုက်နာကာ ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်ရေး လုပ်ငန်းလုံ့ဆော်မှုအတွက် မြန်မာစစ်တပ်အား စနစ်ကျသည့် ဖွဲ့စည်းပုံဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ စတင်သင့်ပြီး ထိုသို့ဆောင်ရွက်ရာတွင် SGBV မှ ရှင်သန်ကျန်ရစ်သူများ၏ အတွေ့အကြုံများကို အထူးအလေးထား အာရုံစိုက်သင့်ပါသည်။

## ၂။ အပြည်ပြည်ဆိုင်ရာ တရားစီရင်မှုဆိုင်ရာ တရားစွဲဆိုမှုများတွင် SGBV မှ ရှင်သန်ကျန်ရစ်သူ ရိုဟင်ဂျာများ၏ စဉ်ဆက်မပြတ်ပါဝင်မှုကို သေချာစေရန်အတွက် ပိုမိုကောင်းမွန်သော ကာကွယ်မှုအစီအမံများ လိုအပ်ပါသည်။

- SGBV မှ ရှင်သန်ကျန်ရစ်သူများအတွက် အပြည်ပြည်ဆိုင်ရာ တရားစီရင်မှုဆိုင်ရာ တရားစွဲဆိုမှုများတွင် ဘေးကင်းလုံခြုံစွာပါဝင်နိုင်ရန်၊ ထိရောက်သော သက်သေများကို အကာအကွယ်ပေးရေး အစီအမံများမှာ

မရှိမဖြစ် လိုအပ်ပါသည်။ နိုင်ငံများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများသည် မည်သူမည်ဝါဖြစ်ကြောင်း သက်သေအထောက်အထားကို အကာအကွယ်ပေးခြင်း၊ ခိုလှုံခွင့်ရရှိနိုင်သည့်နိုင်ငံများရှိ ဘေးကင်းလုံခြုံသော အိမ်များသို့ လက်လှမ်းမီဝင်ရောက်နေထိုင်ခွင့်နှင့် လျင်မြန်သောလမ်းကြောင်းဖြင့် တတိယနိုင်ငံသို့ ပြန်လည်နေရာချထားရေးတို့ကို လိုအပ်သလိုစီစဉ်ရန် သေချာစေရမည်။

- သက်သေအကာအကွယ်ပေးရေးနှင့်အတူ၊ SGBV မှ ရှင်သန်ကျန်ရစ်သူ ရိုဟင်ဂျာများသည် အပြည်ပြည်ဆိုင်ရာ တရားစီရင်မှုဆိုင်ရာ တရားစွဲဆိုမှုများတွင် ထိထိရောက်ရောက်ပါဝင်နိုင်စေရန်နှင့် တန်ဖိုးရှိသော သက်သေအထောက်အထားများ ပေးဆောင်နိုင်ရန်အတွက် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ (စိတ်ဒဏ်ရာ)ကို နားလည်ပြီး အရေးပေးစဉ်းစားသည့် ရှုထောင့် (trauma-informed) ပါဝင်သည့် တိကျသော ဥပဒေရေးရာအချက်အလက်များ၊ အကူအညီနှင့် ကိုယ်စားပြုမှုတို့ကို ရရှိနိုင်ရမည်ဖြစ်သည်။

## ၃။ SGBV မှ ရှင်သန်ကျန်ရစ်သူ ရိုဟင်ဂျာလူမျိုး ဂျဲန်ဒါ အားလုံးတို့အတွက် ရန်ပုံငွေနှင့် အရည်အသွေးရှိပြီး ရေရှည်တည်တံ့သည့် အထူးပြုကူညီပံ့ပိုးမှုကို တည်ထောင်ရမည်။

- အလှူရှင်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့များနှင့် ဝန်ဆောင်မှုပေးသူများသည် SGBV မှ ရှင်သန်ကျန်ရစ်သူ ရိုဟင်ဂျာ ဂျဲန်ဒါအားလုံးနှင့် ထိတွေ့ဆက်ဆံဆောင်ရွက်သင့်သည်။ မြန်မာနိုင်ငံရှိ ရိုဟင်ဂျာ အမျိုးသားများနှင့် ဟစ်ဂျရာတို့၏ SGBV အတွေ့အကြုံများ၊ နှင့် အိုးမဲ့အိမ်မဲ့ ရွှေ့ပြောင်းနေထိုင်ရခြင်း၏ ရေရှည်အကျိုးသက်ရောက်မှုများကို ဘေးဖယ်မထားသင့်ပါ။

- အလှူရှင်များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့များနှင့် ဝန်ဆောင်မှုပေးသူများသည် SGBV မှ ရှင်သန်ကျန်ရစ်သူ ရိုဟင်ဂျာများအတွက် ပြီးပြည့်စုံသောကူညီစောင့်ရှောက်မှု မရှိခြင်းကို ကိုင်တွယ်ဖြေရှင်းရန်အတွက် လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားဆိုင်ရာကျန်းမာရေး အထူးပြုဝန်ဆောင်မှုများ (**SRH**) နှင့် စိတ်ပိုင်းဆိုင်ရာပံ့ပိုးကူညီမှုများကို ဦးစားပေးပြီး ရန်ပုံငွေ လုံလောက်စွာပေးရပါမည်။

- အပြည်ပြည်ဆိုင်ရာတရားစီရင်ရေး ယန္တရားများသည် SGBV မှ ရှင်သန်ကျန်ရစ်သူများနှင့် ၎င်းတို့၏ လူမှုအသိုက်အဝန်းများအတွက် တရားစီရင်ရေး လုပ်ငန်းစဉ်များအတွင်း ပြုပြင်ပြောင်းလဲရေး လျော်ကြေးပေးမှုများကို လုပ်ဆောင်ပေးရမည်ဖြစ်သည်။ လျော်ကြေးပေးရေးအစီအစဉ်များကို ဒီဇိုင်းရေးဆွဲခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ခြင်းတွင် ရှင်သန်ကျန်ရစ်သူဗဟိုပြုချဉ်းကပ်နည်းများကို သေချာစွာ ထည့်သွင်းဆောင်ရွက်သင့်သည်။ယင်းတို့မှာ-အနည်းဆုံးအနေဖြင့် (ဂျဲန်ဒါနှင့်၊လိင်စိတ်တိမ်းညွှတ်မှုနှင့် ဂျဲန်ဒါဝိသေသလက္ခဏာခံယူချက် **('SOGI')** နှင့် ပတ်သက်၍)သင့်လျော်စွာ လေ့ကျင့်သင်ကြားထားသော အရည်အချင်း ပြည့်မီသည့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများထံသို့ လက်လှမ်းမီစေခြင်း၊ ထိခိုက်ခံစားရသူများနှင့် လွတ်မြောက်လာသူများအတွက် စိတ်ပိုင်းဆိုင်ရာ ကုထုံးများပါဝင်သော အစီအစဉ်များကို ဖွဲ့စည်း တည်ထောင်ပေးခြင်းတို့ ပါဝင်သော အစီအစဉ်များဖြစ်ပါသည်။